မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D, D. Litt) မှန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံနှင့် အမာမြို့ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ဆေးဝါးပစ္စည်းများကို သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းရသည့်ရည်ရွယ်ချက်များ၊ ဆက်လက်လှူဒါန်းရန် စီစဉ်ထားမှုများကို ရှင်းလင်းမြွက်ကြားတော်မူစဉ်။ (သတင်းစဉ်)

သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူသာသနာပြုအဖွဲ့ မှန်တိုင်းဒဏ်ခံရသော ဘိုကလေး၊ ကဒုံကနိနှင့် အမာမြို့ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ဆေးဝါးပစ္စည်းများလှူဒါန်း

နေပြည်တော် ဇွန် ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၈နာရီ ၄၅မိနစ်တွင် ဇရာဝတီတိုင်း ဘိုကလေးမြို့နယ်ဆေးရုံ၌ကျင်းပသော သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူသာသနာပြုအဖွဲ့က မှန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံနှင့် အမာမြို့ဆေးရုံများသို့ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ခန့် တန်ဖိုးရှိသည့် ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံး ဆေးဝါးပစ္စည်းများ လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၁ *

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီတဂူဆရာတော် ဦးဆောင်တော်မူသည့် သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းထားသည့် ဆေးရုံသုံး၊ ဆရာဝန်သုံးနှင့် လူနာသုံးဆေးဝါးပစ္စည်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တကယ်တော့ ဒီမိုကရေစီဆိုတာ ရွေးကောက်တင်မြှောက်တဲ့ လုပ်ငန်းစဉ်တစ်ခုတည်းနဲ့ တိုင်းတာမှတ်ကျောက်တင်လို့ ရတာမျိုး မဟုတ်ပါဘူး။ အဲဒါထက် အများကြီးပိုတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ဖြစ်ထွန်းမှုတစ်ခုပါ။ ဒါကြောင့် သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးဖို့ရာ မျိုးစေ့၊ မြေဩဇာ၊ ရေနဲ့ နေရောင်ခြည် စတာတွေ လိုအပ်သလို ဒီမိုကရေစီဖွံ့ဖြိုးဖို့ဆိုတာ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ရေခံ မြေခံကောင်းတွေ အများကြီး လိုအပ်ပါတယ်။

ရန်ကြီးအောင်၏ ဆောင်းပါး စာ-၃

မြန်မာ့အလင်း

ဒီမိုကရေစီ အာဘော်
(၂၀၀၈ ခုနှစ် ဇွန် ၂၂ ရက်)

ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး အသက်မွေးမှုလုပ်ငန်းများ ကြိုးပမ်းစွမ်းဆောင်

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများရှိပြည်သူများ နေထိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဖော်ဆောင်ပေးလျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီပေးလျက်ရှိသည်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော လပွတ္တာမြို့နယ်ရှိ ရေငန်တားတာများကို ဆည်မြောင်းဦးစီးဌာနက စက်ယန္တရားများဖြင့် ပြန်လည်ပြင်ဆင်ခဲ့ရာ လယ်မြေဧက လေးသောင်းနီးပါး စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ကျန်ရေငန်တားတာများ အမြန်ပြီးစီးရေး ကြိုးပမ်းလျက်ရှိသည်။

လပွတ္တာမြို့နယ်အတွင်းရှိ ကျေးရွာများ စိုက်ပျိုးရာသီတွင် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်က လက်တွန်းထွန်စက် အစီး ၁၇၀၀အပြင် ကျွဲ၊ နွားနှင့် မျိုးစပါးများ ဖြန့်ဝေပေးခဲ့ရာ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နေကြပြီ ဖြစ်သည်။

ယခုနှစ် မိုးရာသီတွင် ဒေးဒရဲမြို့နယ်၌ လယ်မြေဧကတစ်သိန်းကျော် စိုက်ပျိုးသွားမည်ဖြစ်ရာ လက်တွန်းထွန်စက် သုံးရာကျော် အပါအဝင် ကျွဲ၊ နွားများဖြင့် ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။

အလားတူ မော်လမြိုင်ကျွန်းမြို့နယ် ဂုံညင်းတန်းနှင့် ကျုလတာကျေးရွာများ၌လည်း မိုးစပါးစိုက်ပျိုးရန်အတွက် လက်တွန်းထွန်စက်များ အသုံးပြုပြီး လယ်ယာမြေများ ထွန်ယက်နေကြပြီဖြစ်သည်။ ရာသီအချိန်မီ ထွန်ယက်နေမှုနှင့်အတူ စိုက်ပျိုးမည့်မျိုးစပါးများ ဖြန့်ဖြူးပေးလျက်ရှိရာ မျိုးစပါးတင်းပေါင်း လေးသောင်းကျော် ရရှိထားပြီး လိုအပ်သည့်မျိုးစပါးများကို ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် လယ်ယာသုံးပစ္စည်းများ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ ရေလုပ်ငန်း ပြန်လည်ထူထောင်နိုင်ရေးအတွက်လည်း လက်လုပ်လက်စား ရေလုပ်သားများကို ငါးဖမ်းလှေနှင့်ပိုက်များ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် ရေလုပ်သားများ အဆင်ပြေစေရေးအတွက် ဇွန်၊ ဇူလိုင်နှင့်ဩဂုတ် သုံးလအတွင်း ဘုံငါးဖမ်းကွက်များ၌ အခမဲ့သားငါးများ ရှာဖွေလုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လေဘေးသင့်ဒေသရှိ ပြည်သူများအနေဖြင့် မိမိတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၌ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက် စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မန္တလေးမြို့ ၄၅/၄၆လမ်းကြား ၈၅လမ်း အိမ်အမှတ် ၁၂၈နေ ဦးဒေါင်း-ဒေါ်သိန်းကြည် (ဘုရားထီးလုပ်ငန်း)သားသမီး၊ မြေးတစ်စုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူကြသည်။ (အောက်ပုံ) (က-ပ)

စက်စွမ်းအားပြည့်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သွား အတွေ့အကြုံရင့် အင်ဂျင်နီယာကြီးများက ဝန်ထမ်းငယ်များအား လက်ဆင့်ကမ်းသင်ကြားပေး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇွန် ၂၁

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဇွန်၁၉ရက်က ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းရွာအနီးရှိ ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးအား စက်ရုံမှူးဦးထွန်းချစ်က လအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုအခြေအနေ၊တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ စက်များပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးဦးခင်မောင်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမေးမြန်း

တင်ပြချက်များအပေါ် ဝန်ကြီးက မိုးရာသီတွင်ဖြစ်လေ့ရှိသော ရေကြီးရေလျှံခြင်းနှင့် မြေပြိုခြင်းစသော သဘာဝဘေးအန္တရာယ်တို့ကို ကာကွယ်ရေးအတွက် စီမံချက်များ ကြိုတင်ရေးဆွဲထားသည့်အတိုင်း အမြဲဂရုပြုဆောင်ရွက်ရန်၊ ဓာတ်အားပေးစက်များကို စက်စွမ်းအားပြည့်မောင်းနှင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သွားရန်၊ စက်ရုံနယ်မြေအတွင်း နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးကြရန်၊ အတွေ့အကြုံရင့် အင်ဂျင်နီယာကြီးများက အင်ဂျင်နီယာဝန်ထမ်းငယ်များအား လက်ဆင့်ကမ်းသင်ကြားပေးကြရန်၊ ဓာတ်အားပေးစက်များကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမေးမြန်းပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်များ မောင်းနှင်နေမှု၊ Control Room အတွင်း ဓာတ်အားပေးစက်များကို ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နေမှုနှင့် Switch Gear Panel များနှင့် တာဘိုင်စက်များ မောင်းနှင်နေမှုတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထုတ်လုပ်ပေးလျက်ရှိ

ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာ စက်တပ်ဆင်အင်အား(၁၂၃သမ၅) မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း ၂၅မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၁၂၃သန်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးသောင်းတင် သုံးနှစ် တစ်လပြည့် နှင့် သား ဗိုလ်ကြီး မောင်မောင်မြင့်(ငြိမ်း) လက် ထောက် ညွှန် ကြားရေးမှူး နေပြည် တော်စည်ပင် လေး လပြည့်တို့အား ရည် စူး၍ အမှတ် ၁၇/ ၄၉၁ မြဝတီမင်းကြီး လမ်း၊ ရွှေပေါက်ကံမြို့ သစ်နေ ဒေါ်စိန်ဘွား နှင့်သား သမီး၊ မြေး တစ်စုက ဗဟန်းမြို့

နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ဒုတိယအကြိမ် ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း တစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

ဝါတွင်းသုံးလ အရုဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇွန် ၂၁

ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားအရှေ့ဘက်မုခ် ဒေါ်လှယဉ်မွှေးရုံ မြို့မဆွမ်းလောင်းအသင်းကြီးက ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက် အသီးသီး၌ ဝါဆိုတော်မူကြသော သံဃာတော်အပါး ၂၅၀၀ကျော်တို့အား ဝါတွင်းသုံးလတိုင်တိုင်နေ့စဉ်မပျက် အရုဏ်ဆွမ်းလောင်းလှူနိုင်ရန် စီစဉ်လျက်ရှိရာ အရုဏ်ဆွမ်းတစ်နပ်လျှင် သီးစုံပဲဟင်းဖြင့် ငွေကျပ်သုံးသိန်း ငါးသောင်း၊ ဝက်သားဟင်းဖြင့် တစ်နပ်လျှင် ငွေကျပ်ခြောက်သိန်း၊ ကြက်သားဟင်းဖြင့် တစ်နပ်လျှင်ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်အေး ဖုန်း-၀၄၂-၂၄၂၇၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၀၉-၅၂-၀၂၁၆၇၊ အတွင်းရေးမှူး ဦးနေဝင်း ဖုန်း-၀၄၂-၂၂၃၀၃ နှင့် ပုသိမ်မြို့နယ်သာသနာ့ အကျိုးဆောင်အဖွဲ့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၂-၆-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အဆိပ်သင့်နှုတ်ခမ်း**
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄:၃၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း -၃၆)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၁)

ခေါင်းအေးအေးထားပြီး စဉ်းစားကြစေလိုပါသည်

လူတစ်ဦးတစ်ယောက်ရဲ့ ဘဝခရီးတစ်လျှောက်မှာ စိတ်ရှုပ်စရာ ဝေခွဲရခက်တဲ့ ဘဝလမ်းခွဲတွေ ကြုံကြရတတ်ပါတယ်။ စိတ်လှုပ်ရှားမှု ပြင်းထန်နေတဲ့ အချိန်မျိုးမှာ ခံစားမှုနောက်ကို လိုက်ပြီးရွေးချယ်လိုက်တဲ့ အခါ စွပ်စွပ်ရှုပ်ရှုပ်နဲ့ တစ်ကြိမ်တလေ မှန်ကောင်းမှန်သွားနိုင်ပေမယ့် ပကတိဘဝအခြေအနေမှန်ကို ဆန္ဒဇောကဖုံးနေတတ်တာမို့ ဆန္ဒဇောနောက် လိုက်ပြီး လမ်းမှားဖို့က များတတ်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်အမှားဟာ သူကိုယ်တိုင်ရဲ့ ဘဝနဲ့ အနီးပတ်ဝန်းကျင်က လူအနည်းငယ်ကိုသာ ထိခိုက်နစ်နာစေနိုင်တာဖြစ်ပေမယ့် နိုင်ငံရေး အဖွဲ့အစည်းအင်အားစုတစ်စုရဲ့ မှားယွင်းတဲ့ ရွေးချယ်မှုကတော့ နိုင်ငံနဲ့ ချီပြီး ထိခိုက်သွားစေနိုင်ပါတယ်။ ၁၉၄၈ ခုနှစ်က မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို ရွှေရည်စိမ်လွတ်လပ်ရေးအတုကြီးပါလို့ ကောက်ချက် ဆွဲပြီး လက်ဝဲညီညွတ်ရေးကြိုးပမ်းဖျန်ဖြေမှုတွေအားလုံးကို လျစ်လျူရှုကာ လက်နက်ကိုင်ဆူပူမှုလမ်းစဉ်ကိုရွေးချယ်သွားခဲ့တဲ့ ဗမာပြည်ကွန်မြူနစ် ပါတီရဲ့ ဆုံးဖြတ်ချက်အမှားကြောင့် နှစ်ပေါင်းများစွာ ပြည်သူတွေ ဘယ်လောက် ဒုက္ခရောက်ခဲ့ကြပါသလဲ။ပြန်ကြည့်သင့်တဲ့ သာဓကတစ်ခုပါ။

အခုလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံက မဲပေးနိုင်ခွင့်ရှိတဲ့ ပြည်သူအားလုံးရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းက ထောက်ခံ အတည်ပြုခဲ့ပြီးပြီမို့ ဒီအခြေခံဥပဒေကို အခြေပြုပြီး ဒီမိုကရေစီပြည်သူ့ အစိုးရတစ်ရပ်ပေါ်ထွန်းရေးအတွက် နိုင်ငံတော်ရဲ့ ရှေ့ဆက်ဆောင်ရွက် သွားမယ့် လုပ်ငန်းစဉ်တွေကို ပြည်သူတွေက လက်ခံအတည်ပြုလိုက်တဲ့ သဘောပါပဲ။ တစ်နည်းပြောရရင်တော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းရေးလမ်းကြောင်းကို ပြည်သူ တွေက ခင်းပေးလိုက်တာပါ။

ဒီကနေ့အထိ နိုင်ငံတော်အစိုးရနဲ့ သဘောထားကွဲလွဲဆန့်ကျင်နေတဲ့ NLD အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေးအသင်းအဖွဲ့ လှုပ်ရှားမှုအုပ်စု တွေအနေနဲ့ ဒီနေရာမှာ ရွေးချယ်စရာ လမ်းဆုံ၊ လမ်းခွဲတစ်ခုကို ကြုံနေရ ပါပြီ။ အဲဒါကတော့ ပြည်သူတွေခင်းပေးလာတဲ့ ဒီမိုကရေစီလမ်းကြောင်း ကိုပဲ လျှောက်မလား၊ ဖြတ်လမ်းကကိုယ်အာဏာရရေး မျက်စိစုံမှိတ်ပြီး ကျောခိုင်း ဆန့်ကျင်နေမလား ဆိုတာပါပဲ။

အခုအချိန်ထိ ကျွန်တော်တို့မြင်နေကြရတာကတော့ ဒီနိုင်ငံရေးအုပ်စု တွေအနေနဲ့ တပ်မတော်အစိုးရကို ငြိုးသူရန်ဘက်တစ်ဦးသဖွယ် သဘော ထားပြီး သူဖြုံရင် ငါမည်းမယ်ဆိုတဲ့စိတ်နဲ့ 'အာဃာတနိုင်ငံရေး'ကို ကျင့်သုံးနေတာပါပဲ။

လောကမှာ ဘုရား၊ ရဟန္တာလို အရိယာပုဂ္ဂိုလ်မျိုးတွေကလွဲပြီးတော့ ဘယ်သူမှ အပြစ်အနာအဆာမကင်း၊ အမှားအယွင်း မလွတ်နိုင်ကြပါဘူး။ ဒါပေမယ့် ဆိုးတာရှိသလို ကောင်းတာတွေလည်း ရှိကြတာပါဘဲ။ အာဃာတ ရှေ့ထားပြီး မျက်မှန်ဝါတပ်ပြီးတော့ချည်းပဲ ကြည့်နေရင်တော့ မြက်ခင်းစိမ်းစိမ်းတွေကိုလည်း ကောက်ရိုးမြက်ခြောက်တွေလို့ပဲ မြင်နေ မှာပါ။

ဒီနေရာမှာ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်စေချင်တာတစ်ခုက ဒီလိုအာဃာတတွေနဲ့ ပြည်သူတွေခင်းပေးတဲ့လမ်းကြောင်းကို ကျောခိုင်း ဆန့်ကျင်နေဦးမယ်ဆိုရင် မိမိအကျိုးစီးပွား၊ အများပြည်သူတွေရဲ့ အကျိုး စီးပွား၊ နိုင်ငံတော်ရဲ့အကျိုးစီးပွားတွေကိုဖော်ဆောင်နိုင်ပါ့မလားဆိုတာပါပဲ။

မိမိအကျိုးစီးပွားဆိုတာက မိမိပါတီ၊ အင်အားစု အာဏာရရှိရေးဆိုတဲ့ အဓိကရည်မှန်းချက်ပေါ့။ အခြေခံဥပဒေအရ ကျင်းပပေးမယ့် ပါတီစုံရွေး ကောက်ပွဲကို ကျောခိုင်းဆန့်ကျင်ပြီး ဆူပူအုံကြွမှုတွေနဲ့ ဖြတ်လမ်းက အာဏာရယူဖို့ဆိုတာ မဖြစ်နိုင်မှန်း ဒီလောက်ဆိုရင် သဘောပေါက်ဖို့ကောင်း ပါပြီ။ လက်တွေ့မကျ၊ ပြန်မရနိုင်တော့တဲ့ အတိတ်ကို ဖက်တွယ်ပြီး မဖြစ်နိုင်တာကို တောင်းဆိုနေတာဟာလည်း နှစ်ကျပ်တန်ထီလက်မှတ် အဟောင်းကြီးနဲ့ သိန်းငါးရာမင်္ဂလာစုံတွဲထီပေါက်စဉ်မှာ ပေါက်လို ပေါက်ငြား လာတိုက်ကြည့်သလိုဖြစ်နေပါလိမ့်မယ်။

ကိုယ်လုပ်ချင်တာ၊ ကိုယ်လိုချင်တာတွေ တကယ်ဖြစ်နိုင်၊ မဖြစ်နိုင် ကိုယ့်ရဲ့ပကတိဘဝအခြေအနေမှန်နဲ့ ပြန်ကြည့်ပြီး လက်တွေ့ကျတဲ့အဖြေကို ရှာနိုင်မှသာ အကျိုးအရှိဆုံးရလဒ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အခု ကျင်းပပြီးစီးခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဟာ ပြည်သူတွေအနေနဲ့ ဘယ်သူ့ကို လိုလားသလဲ၊ ဘာကိုလိုလားသလဲဆိုတာ ရှင်းရှင်းကြီး အဖြေ ပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူတွေအနေနဲ့က အေးအေးချမ်းချမ်းနဲ့ မြန်မြန်ဆန်ဆန်ဒီမိုကရေစီ ရတာကို လိုလားကြပါတယ်။ ဆူဆူပူပူနဲ့ ဘယ်တော့မှ ဒီမိုကရေစီရမှန်း မသိနိုင်တဲ့ လမ်းကြောင်းမျိုးကို မလိုလားကြပါဘူး။

ပြည်သူတစ်ဦးအနေနဲ့ မေးကြည့်ပါရစေ။ အခု အခြေခံဥပဒေက ပြီးပြည့်စုံတဲ့ ဒီမိုကရေစီမဟုတ်လို့ ဆန့်ကျင်ရမယ်၊ ပယ်ချရမယ်ဆိုရင် အဲဒီ ပြီးပြည့်စုံတဲ့ ဒီမိုကရေစီရအောင် ဘယ်သူတွေက ဘယ်လိုလုပ်ပေး ကြမှာလဲ၊ ဘယ်တော့လောက်မှာများ အဲဒီ ဒီမိုကရေစီရနိုင်မှာလဲ။ နိုင်ငံခြား ရေဒီယိုတွေမှာ ပြည်တွင်း ပြည်ပက နိုင်ငံရေးလေ့လာသူတို့၊ နိုင်ငံရေး လှုပ်ရှားသူတို့၊ ဒီမိုကရေစီ အင်အားစုတို့၊ ပါတီပြောရေးဆိုခွင့်ရှိသူတို့စတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဆွေးနွေးခန်းတွေကို ကျွန်တော် အများကြီး နားထောင်ခဲ့ ဖူးပါပြီ။ ဘယ်သူမှ ဒီအဖြေကို ရှင်းရှင်းလင်းလင်း၊ တိတိကျကျ မပေးနိုင် ကြပါဘူး။ ပြည်တွင်းက နိုင်ငံရေးသမားတွေက ပြည်ပကိုပုတ်ထုတ်တယ်၊ ပြည်ပက နိုင်ငံရေးသမားတွေက ပြည်တွင်းကိုလွှဲချတယ်။ နောက်ဆုံးတော့ 'ပြည်သူတွေ ကိုယ်တိုင်လုပ်မှရမယ်'ဆိုပြီး လူထုကို ပုံချတော့တာပဲ။ ကျွန်တော်တို့ ပြည်သူတွေကတော့ အကြိမ်ကြိမ်ရှိသွားပြီမို့ အသိပညာ တွေလည်း ပြည့်သွားကြပါပြီ။ **အေးအေးဆေးဆေး လွယ်လွယ်ကူကူနဲ့**

ရန်ကြီးအောင်

နောက်နှစ်နှစ်လောက်ကြာရင် ဒီမိုကရေစီရတော့မှာမို့ ဘယ်သူမှပန်းခင်းတဲ့ လမ်းကိုခွာပြီး ခယောင်းလမ်းမှာ မျက်စိလည်မနေချင်ကြတော့ပါဘူး။

ဒါကိုသိလျက်နဲ့ ပြည်သူတွေရဲ့ဆန္ဒကို မျက်ကွယ်ပြုပြီး တရားသေ မျက်ကန်းဝါဒကို ဆက်လက်ဆုပ်ကိုင်နေဦးမယ်ဆိုရင် ဘီလုံးငှက်မက မျက်လုံးထိုးဖောက်လို့ မျက်လုံးကန်းသွားရတဲ့ ဆင်ကန်းကြီးလို ဖားသံ ကြားရာမှာ ရေကိုရှာရင်း ချောက်ထဲကျသေရတဲ့ ဥပမာအတိုင်းပဲ ဒီမိုကရေစီနဲ့လည်းဝေး၊ ပြည်သူနဲ့လည်းကင်းကွာပြီး နိုင်ငံရေးဇာတ်သိမ်း ရဖို့သာ ရှိပါလိမ့်မယ်။

ဒီလိုဝါဒမျိုးဟာ ပြည်သူ့အကျိုးစီးပွားကို ဘာတွေများ ဖြည့်စွမ်း ပေးနိုင်ပါသလဲ။ အခုအချိန်အထိတော့ ပြည်သူတွေကို ကြောက်အောင်၊ လန့်အောင် ဗုံးခွဲ၊ ဆူပူ၊ ကောလာဟလတွေလွှင့်၊ ကုန်ဈေးနှုန်းတက်အောင်၊ အလုပ်အကိုင်ပျက်အောင် လုပ်ခဲ့ကြတာကလွဲရင် ဘာတစ်ခုမှ ကောင်း အောင်လုပ်တာ မတွေ့မိပါဘူး။ တိုင်းပြည်အကျိုးအတွက်ဆိုရင်လည်း နဂိုကမှ မချမ်းသာသေးတဲ့ နိုင်ငံကို ပြာပုံထဲတွန်းချဖို့ ပိတ်ဆို့မှုတွေ လုပ်တာကို အားပေးအားမြှောက်လုပ်တာမျိုးပဲ တွေ့မိပါတယ်။

ကဲ- အခု ဒီလမ်းကြောင်းကိုပဲ ဆက်သွားနေကြဦးမှာလား။ ဒီလို ဆက်သွားလို့ရော ဘယ်လောက်ကြာမှ မိတ်ဆွေတို့ လိုချင်တယ်ဆိုတဲ့ ဒီမိုကရေစီရွှေပြည်ကြီးကို ရောက်နိုင်မှာလဲ။ ရောက်ကော ရောက်နိုင်ပါ့ မလား။ အဲဒီလိုဆက်လုပ်ကြရင် ဒီမိုကရေစီရွှေပြည်ကြီးကို ရောက်ဖို့ မသေချာပေမယ့် အခုအီရတ်မှာ ဖြစ်နေသလို ဖွတ်ဖွတ်ညက်ညက်ကြေမှာ ကတော့ သေချာပါတယ်။

တကယ်တော့ ဒီမိုကရေစီဆိုတာ ရွေးကောက်တင်မြှောက်တဲ့ လုပ်ငန်းစဉ်တစ်ခုတည်းနဲ့ တိုင်းတာမှတ်ကျောက်တင်လို့ ရတာမျိုးမဟုတ် ပါဘူး။ အဲဒါထက် အများကြီးပိုတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဘက်ပေါင်းစုံပါဝင်တဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ဖြစ်ထွန်းမှုတစ်ခုပါ။ ဒါကြောင့် သစ်ပင်တစ်ပင် ရှင်သန်ဖွံ့ဖြိုးဖို့ရာ မျိုးစေ့၊ မြေဩဇာ၊ ရေနဲ့ **နေရောင်ခြည်စတာတွေလိုအပ်သလို ဒီမိုကရေစီဖွံ့ဖြိုးဖို့ဆိုတာ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ရေခံမြေခံကောင်းတွေ အများကြီး လိုအပ်ပါတယ်။**

ရုပ်ပိုင်းဆိုင်ရာမှာ တိုင်းပြည်ရဲ့နေဥစ္စာကြွယ်ဝမှု၊ ပြည်သူလူထုရဲ့ လူမှုစီးပွားရေး ညီညီမျှမျှ တိုးတက်မှု၊ စီးပွားရေးအခြေခံအဆောက် အအုံဖြစ်တဲ့ လမ်းတံတား၊ စွမ်းအင်၊ ဆက်သွယ်ရေးစတာတွေ၊ လူမှုရေး အခြေခံအဆောက်အအုံဖြစ်တဲ့ ကျောင်း၊ ဆေးရုံစတာတွေ အများကြီး လိုအပ်သလို စိတ်ပိုင်းဆိုင်ရာမှာလည်း ပြည်သူလူထုရဲ့နိုင်ငံရေးအသိအမြင် ကျယ်ပြန့်မှု၊ နိုင်ငံရေးသမားတွေရဲ့ နိုင်ငံရေးရင့်ကျက်မှု၊ စိတ်ထားပြည့်ဝမှု၊ မိမိအကျိုးထက်နိုင်ငံအကျိုးကို ဦးထိပ်ထားမှု၊ အများစုသဘောထားကို လေးစားလိုက်နာပြီး အနည်းစုရဲ့ ခံစားချက်ကိုလည်း ပစ်ပယ်မထားတဲ့ ဒီမိုကရေစီရဲ့အနှစ်သာရ၊ အာဏာရနဲ့ အတိုက်အခံအကြား အပြန်အလှန် လေးစားမှု၊ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းစာနဲ့ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ သဘောထားအမြင်တွေကို အလေးဂရုပြုမှုစတဲ့ နိုင်ငံရေး၊ ယဉ်ကျေးမှု တွေကိုလည်း ရှင်သန်ဖွံ့ဖြိုးလာအောင် ပြုစုပျိုးထောင်ထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် 'ဥံဖွ'လို့ မန်းမှုတ်လိုက်ရုံနဲ့ ဒီမိုကရေစီဆိုတာ တစ်မု ဟုတ်ချင်း ပြီးပြည့်စုံစွာ ဘွားခနဲပေါ်လာနိုင်တဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ တစ်ဆင့်ပြီးတစ်ဆင့် ပြုစုပျိုးထောင်ယူမှရတဲ့ ဖြစ်စဉ်မျိုး ဖြစ်ပါတယ်။

ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ၊ ဆူပူမှုတွေအကြမ်းဖက်မှုတွေ၊ ပိတ်ဆို့မှုတွေ၊ တိုင်းပြည်ကို ဖြုံခါ ပြာခါ ကျအောင် လုပ်ဆောင်မှုတွေနဲ့ ဒီမိုကရေစီလူ့ဘောင်တစ်ခုကို ထူထောင်လို့ဘယ်လိုမှမရနိုင်ပါဘူး။ အဲဒီ နည်းလမ်းဟာ မင်းမဲ့တိုင်းပြည်ဘဝကိုသာ တွန်းပို့သွားမှာဖြစ်ပါတယ်။

စိတ်ပိုင်းဆိုင်ရာမှာလည်း အမုန်းတရားတွေ၊ ဒေါသအာဃာတတွေ၊ မနာလိုဝန်တိုမှု ဣဿာ၊ မစ္ဆရိယတွေ၊ မောက်မာထောင်လွှားမှုတွေ၊ ဘဝင်မြင့်မှုတွေ၊ တစ်ဦးကိုတစ်ဦး ပျက်စီးစေလိုမှုတွေနဲ့ ဒီမိုကရေစီ အခွင့်အရေးတွေကို ပေါင်းစပ်လိုက်ရင် ဟာနုမာန်မျောက်ကြီးရဲ့ အမြီးမှာ မီးတုတ်ချည်ပေးလိုက်သလို ဖြစ်သွားမှာပါ။ **တကယ်တော့ ဒီမိုကရေစီ အစစ်ဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားတွေနဲ့ ယှဉ်တွဲပြီးတော့မှ ဖွံ့ဖြိုးနိုင်တာမျိုးဖြစ်ပါတယ်။ အာဏာရအဖွဲ့အစည်းက အတိုက်အခံအပေါ် မေတ္တာပွား၊ အတိုက်အခံက အာဏာရအပေါ် မုဒိတာ ပွားပြီး နိုင်ငံရေးခေါင်းဆောင်အားလုံးက ပြည်သူလူထုကို မဲရရုံသာ သဘောထားလိမ်ညာလှည့်ဖြားမှုမျိုးမပြုဘဲ အမှန်တကယ် ကရုဏာထား အကျိုးဆောင်နိုင်မှ ဒီမိုကရေစီက အောင်မြင်မှာဖြစ်ပါတယ်။**

ဒီကနေ့ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေ ပြည်သူတွေကြား ဖွံ့ဖြိုးမှုမညီမျှတဲ့ နိုင်ငံတွေ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးပေမယ့် စိတ်ပိုင်းဆိုင်ရာ မပြည့်ဝမရင့်ကျက် သေးတဲ့နိုင်ငံတွေမှာ ဒီမိုကရေစီစနစ်ကျင့်သုံးပေမယ့် နိုင်ငံရေးအကျပ် အတည်းတွေဖြစ်နေရတာ မတည်မငြိမ်ဖြစ်နေရတာတွေဟာ မမြင်ချင် အဆုံးပါပဲ။

ကျွန်တော်တို့ နိုင်ငံရဲ့ သမိုင်းမှာလည်း 'ပန်းထိမ်မတတ်ခင် ရွှေခိုးသင်'ခဲ့ကြလို့ ၁၉၄၈-၆၂ ပါတီစုံ ဒီမိုကရေစီကာလတစ်လျှောက်မှာ ဘယ်လောက်အထိ ပြည်သူတွေ ထိခိုက်ခံစားခဲ့ကြရပြီးပြီလဲ။ ပြည်တွင်း သောင်းကျန်းမှုကြောင့် အသက်ကို ဖက်နဲ့ထုပ်ထားရတဲ့အထဲမှာ နိုင်ငံရေး သမားတွေရဲ့ ခါးပိုက်ဆောင်လက်နက်ကိုင်အဖွဲ့တွေကြောင့် နိုင်ငံရေး လူသတ်မှုတွေ၊ ဆရာအားကိုးနဲ့ဓားပြတိုက်ပြန်ပေးဆွဲမှုတွေ၊ တိုင်းပြည် မလုံခြုံ၊ မအေးချမ်းလို့ ဖွံ့ဖြိုးအောင်မလုပ်နိုင်၊ မဖွံ့ဖြိုးလို့ သောင်းကျန်းမှု သက်ဆိုးရှည်ပြီး အဆိုးသံသရာလည်ခဲ့တာတွေ၊ အာဏာရနဲ့အတိုက်အခံ ကြားမှာ ဒီမိုကရေစီနည်းနဲ့ မဖြေရှင်းဘဲ လက်နက်အစုံအညီနဲ့ ဖြေရှင်းဖို့ ကြိုးစားခဲ့လို့ တိုင်းပြည်ပြိုကွဲလုနီးဖြစ်ခဲ့ရတာတွေဟာ ပြန်လှည့်ကြည့်ပြီး သင်ခန်းစာယူကြရမယ့် တကယ့်ဖြစ်ရပ်မှန် သမိုင်းကြောင်းတွေပါ။

အဲဒီတော့ ဒီမိုကရေစီဆိုတာကောင်းပါတယ်။ သို့ပေမယ့် "ဖွတ်ဥ ကောင်းသော်လည်း သူချည်းပဲမရ ဆားနှင့်မှ"ဆိုတာလို ဒီမိုကရေစီဖြစ်ပြီ ဆိုတာနဲ့ တိုင်းပြည်ကြီးက မိုးပေါ်ကကျလာသလို နတ်ဘုံနတ်နန်းဖြစ်ပြီး ပြဿနာအားလုံးက ပြေလည်သွားမှာမဟုတ်ဘူးဆိုတာ ခေါင်းအေးအေး ထားပြီး စဉ်းစားကြစေချင်ပါတယ်။

ကျွန်တော်တို့အားလုံး ချစ်ခင်မြတ်နိုးတဲ့ အမိမြန်မာပြည်ကြီး တိုးတက် ဖွံ့ဖြိုးဖို့၊ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်ဖို့ လုပ်စရာတွေအများကြီး ကျန်ပါသေး တယ်။ သူများတကာ တစ်လှမ်းလှမ်းတဲ့အချိန်မှာ ကိုယ်က အလှမ်း လေးငါးဆယ်ရောက်အောင် အပြေးလိုက်ရမယ့်အချိန်ပါ။ ဒီအချိန်မှာ ခြေလှမ်းအတူတူ ညီညီညွတ်ညွတ်မပြေးဘဲ ကိုယ်တစ်ယောက်တည်း ရှေ့ကရောက်ဖို့ တစ်ယောက်နဲ့တစ်ယောက် ခြေထိုးခံနေကြမယ်ဆိုရင် ရှေ့က သွားနေတဲ့ နိုင်ငံတွေနဲ့ ဝေးသည်ထက် ဝေးသွားပါလိမ့်မယ်။

မိတ်ဆွေများ အခုရောက်နေတဲ့ လမ်းဆုံ၊ လမ်းခွဲမှာ ခေါင်းအေးအေး ထားပြီး စဉ်းစားကြစေလိုပါတယ်။ တစ်ဖက်သတ် ဆန္ဒစွဲနဲ့ မျက်စိ စုံမှိတ်ပြီး ဇွတ်တိုးဆုံးဖြတ်ရင် မှားတတ်ပါတယ်။ ပြည်သူတွေ ခင်းပေး ထားတဲ့လမ်းမှာ ပြည်သူတွေ ကမ်းပေးထားတဲ့လက်ကိုတွဲပြီး အေးချမ်း သာယာတဲ့ ဒီမိုကရေစီနိုင်ငံသစ်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အတူကြိုးပမ်း ဆောင်ရွက် သွားကြမလား။ ဆုံးခန်းမမြင်တဲ့ ခယောင်းလမ်းမှာ ဆင်ကန်းတောတိုး အကျိုးမဲ့စွာ ဆက်ပြီးလျှောက်နေကြဦးမှာလား။ အဆုံးအဖြတ်မမှားကြဖို့ လိုနေပါပြီ။ ။

မိတ်ဆွေများ အခုရောက်နေတဲ့ လမ်းဆုံ၊ လမ်းခွဲမှာ ခေါင်းအေးအေး ထားပြီး စဉ်းစားကြစေလိုပါတယ်။ တစ်ဖက်သတ် ဆန္ဒစွဲနဲ့ မျက်စိစုံမှိတ်ပြီး ဇွတ်တိုးဆုံးဖြတ်ရင် မှားတတ်ပါတယ်။ ပြည်သူတွေ ခင်းပေးထားတဲ့လမ်းမှာ ပြည်သူတွေ ကမ်းပေးထားတဲ့လက်ကိုတွဲပြီး အေးချမ်းသာယာတဲ့ ဒီမိုကရေစီ နိုင်ငံသစ်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အတူကြိုးပမ်းဆောင်ရွက်သွားကြမလား။ ဆုံးခန်းမမြင်တဲ့ ခယောင်းလမ်းမှာ ဆင်ကန်းတောတိုး အကျိုးမဲ့စွာ ဆက်ပြီး လျှောက်နေကြဦးမှာလား။ အဆုံးအဖြတ်မမှားကြဖို့ လိုနေပါပြီ။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု လေ့လာရေးဂြိုဟ်တု နာဆာလွှတ်တင်

အာကာသသိပ္ပံ



နာဆာ ဇွန် ၂၁

နာဆာမှနေ၍ ကမ္ဘာ့သမုဒ္ဒရာများနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာများကို လေ့လာသိရှိရန် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လေတပ်အခြေစိုက်စခန်းမှ လေ့လာရေး ဂြိုဟ်တစ်ခုကို အာကာသသို့ ဇွန် ၂၀ရက်က လွှတ်တင်လိုက်သည်။

လေ့လာထောက်လှမ်း

ဂျာဆင်-၂ဟု အမည်ပေးထားသောအဆိုပါဂြိုဟ်တုသည်(**ယာပုံ**) ကမ္ဘာ့သမုဒ္ဒရာများ၏ ရေမျက်နှာပြင် အပြောင်းအလဲ၊ရေစီးနှင့်ရေအေးစီးကြောင်းများ၊သမုဒ္ဒရာ ရေမျက်နှာပြင်အပူချိန်၊ လေတိုက်ခတ်မှုနှင့် အခြားရာသီဥတု ပြောင်းလဲမှုများကို လေ့လာထောက်လှမ်းသွားမည်ဖြစ်သည်။

ဂျာဆင်-၂ ဂြိုဟ်တုအနေဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု သတင်းများကိုရယူကာ မြေပြင်အခြေစိုက်စခန်းသို့ ပေးပို့သွားမည်ဖြစ်သည်။ ထို့အပြင် ဂျာဆင်-၂ ဂြိုဟ်တုအနေဖြင့် သမုဒ္ဒရာများတွင် တည်ရှိနေသော ရေခဲပြင်များ အရည်ပျော်မှုနှင့် ကမ္ဘာ့မြေပြင်၏ မျက်နှာပြင် အနေအထားပြောင်းလဲမှုပုံရိပ်များကို ဓာတ်ပုံများရယူကာ မြေပြင်စခန်းသို့ ပြန်ပို့ပေးမည်ဖြစ်သည်။

သတင်းအချက်အလက်

နာဆာအနေဖြင့် ၂၀၀၁ခုနှစ်က ဂျာဆင်-၁ အမည်ရှိဂြိုဟ်တုကို အာကာသသို့လွှတ်တင်ခဲ့သော်လည်း ယခု ဂျာဆင်-၂ ဂြိုဟ်တုမှာ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုပြည့်စုံစွာ မြေပြင်စခန်းသို့ ပေးပို့နိုင်မည်ဖြစ်သည်။

ဂျာဆင်-၂ ဂြိုဟ်တုတွင် မိုက္ကရိုဝေ့ဗ် ရေဒီယိုမီတာ၊ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းမှ တိုင်းတာနိုင်သော ကိရိယာ၊ ပင်လယ်ရေမျက်နှာပြင်ကို တိုင်းတာနိုင်သည့် ပိုစီဒွန်-၃ အယ်တီမီတာနှင့် ဒိုရစ်အင်တင်နာတို့ ထည့်သွင်းတပ်ဆင်ထားကြောင်း သိရသည်။ **(အင်တာနက်)**

ရွေးကောက်ပွဲအတွက် ပြည်သူ့ငွေကြေးထောက်ပံ့မှု မက်ကိန်း ယူမည့်ပုံရှိသော်လည်း အိုဘားမား မယူ

ဝါရှင်တန် ဇွန် ၂၁

ဒီမိုကရက်တစ်သမ္မတလောင်း အိုဘားမားက နိုဝင်ဘာလဆန်း သမ္မတရွေးကောက်ပွဲအတွက် ပြည်သူ့ငွေကြေးထောက်ပံ့မှုကိုရယူတော့မည်မဟုတ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

စွန့်လွှတ်

အိုဘားမား၏ ဆုံးဖြတ်ချက်မှာ အိမ်ဖြူတော် အရောက်လှမ်းရေးတွင် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းကို တိုက်ခိုက်ရန်အတွက် ရယူသုံးစွဲပိုင်ခွင့်ရှိသော ဒေါ်လာသန်း ၈၀ ကျော်ကို သူစွန့်လွှတ်မည့် အဓိပ္ပာယ်ဖြစ်သည်။

ရန်ပုံငွေ

ပြည်သူ့ငွေကြေး ထောက်ပံ့မှုကို လက်ခံသည့် သမ္မတလောင်းများအနေဖြင့် ပုဂ္ဂလိက ထည့်ဝင်လှူဒါန်းသည့် ရန်ပုံငွေများကို မရှာနိုင်တော့ပေ။

ဆန့်ကျင်

ပြိုင်ဘက် ရီပတ်ဘလီကင်သမ္မတလောင်းမက်ကိန်းက ပြည်သူ့ငွေကြေး ထောက်ပံ့မှုကို လက်ခံလျှင် ထိုစနစ်ကို သူလက်ခံ ကျင့်သုံးမည်ဆိုသော စောစောပိုင်းက အိုဘားမား၏ ပြောကြားချက်နှင့် ယခု ဆုံးဖြတ်ချက်မှာ ဆန့်ကျင်သည်။

လက်မခံ

ဂျွန်မက်ကိန်းသည်မဲဆွယ်စည်းရုံးရာတွင် ပုဂ္ဂလိက ထည့်ဝင်သည့် ရန်ပုံငွေများကို သုံးစွဲပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ့ငွေကြေးထောက်ပံ့မှုစနစ်ကို လက်မခံနိုင်တော့ဟု အိုဘားမား၏ မဲဆွယ် စည်းရုံးရေးအဖွဲ့က ပြောကြားသည်။

အသုံးမပြု

ယခုအတိုင်းဆိုလျှင် ၁၉၇၄ခုနှစ် ဝါးတားဂိတ်အရှုပ်တော်ပုံ ပေါ်ပေါက်ပြီးနောက် မဲဆွယ်စည်းရုံးရေး ငွေကြေး ထောက်ပံ့မှုဆိုင်ရာဥပဒေများကိုစစ်ဆေး ပြုပြင်ပြီးကတည်းက အိုဘားမားသည် သမ္မတရွေးကောက်ပွဲ၌ ပြည်သူ့ငွေကြေး ထောက်ပံ့မှုစနစ်ကို အသုံးမပြုသည့် ပထမဆုံး သမ္မတလောင်း ဖြစ်လာသည်။

ပြောကြား

ဂျွန်မက်ကိန်းကမူ ပြည်သူ့ထောက်ပံ့ကြေးကို ယူမည့်လက္ခဏာရှိကြောင်း ပြောကြားထားသည်။

အိုဘားမားသည် သမ္မတ ရွေးကောက်ပွဲဝင်ရောက်ရေးအတွက် ယခုအထိ ပုဂ္ဂလိကထည့်ဝင်သည့် ရန်ပုံငွေ ဒေါ်လာ ၂၆၅သန်းရရှိထားပြီ ဖြစ်သည်။ **(အင်တာနက်)**

ရုရှားဗုံးကြဲလေယာဉ်များ သမုဒ္ဒရာများ၌ကင်းလှည့်

မော်စကို ဇွန် ၂၁

အာတိတ်နှင့်အတ္တလန္တိတ်သမုဒ္ဒရာတွင် ရုရှားနိုင်ငံမှ ဗုံးကြဲလေယာဉ်ကြီးလေးစင်း ကင်းလှည့်ပျံသန်းမှု ပြုလုပ်လျက်ရှိကြောင်း ရုရှားလေတပ် အရာရှိများက ဇွန်၂၀ရက်က ဖော်ပြသည်။

ကင်းလှည့်ပျံသန်းကြသည့် ရုရှားတိုက်လေယာဉ်လေးစင်းမှာ တူ-၉၅ အမ်အက်စ်နှစ်စင်း၊ တူ-၂၂ အမ် ၃ နှစ်စင်းတို့ဖြစ်ပြီး ရုရှားနိုင်ငံ ဆာရာတော့ဗ်ဒေသ လေတပ် အခြေစိုက်စခန်းမှနေ၍ လုံခြုံရေး ကင်းလှည့်ပျံသန်းမှု ပြုလုပ်ကြခြင်းဖြစ်သည်။

ထိုသို့ တိုက်လေယာဉ်များ ကင်းလှည့် ပျံသန်းရာတွင် လေယာဉ်တင်သင်္ဘောကြီးနှစ်စင်းကလည်း လိုက်ပါအင်အားဖြည့် ပါဝင် ကူညီခဲ့သည်။ ရုရှားတိုက်လေယာဉ်များသည် အချိန် ၂၄နာရီကြာ ဝေဟင်တွင် ပျံသန်းနိုင်ရန် လေယာဉ်ဆီဖြည့်ဆည်းမှုကိုလည်း ဝေဟင်၌ ပြုလုပ်ကြခြင်းဖြစ်သည်။

ရုရှားတိုက်လေယာဉ်များ အာတိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ကင်းလှည့်ပျံသန်းရာတွင် အခြားနိုင်ငံများ၏ ဝေဟင်ပိုင်နက်အား ကျူးကျော်ချိုးဖောက်ခြင်း မရှိကြောင်း၊ ရုရှားတိုက်လေယာဉ်များအနေဖြင့် ပင်လယ်နက်နှင့် ပစိဖိတ် သမုဒ္ဒရာတို့တွင်လည်း ကင်းလှည့်ပျံသန်းမှုများပြုလုပ်ခဲ့ကြသည်။ **(အင်တာနက်)**

စင်ကာပူ၌ စွမ်းအင်ဖွံ့ဖြိုးမှုကဏ္ဍ နေရောင်ခြည်မှ စွမ်းအင်ရရှိရေး ဆောင်ရွက်မည်

စင်ကာပူ ဇွန် ၂၁

စင်ကာပူနိုင်ငံတွင် စွမ်းအင်ဖွံ့ဖြိုးရေးအတွက် အမြန်ဆုံးဆောင်ရွက်ရန် စင်ကာပူစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့က ဇွန် ၂၀ရက်၌ တိုက်တွန်းလိုက်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝသယံဇာတများ ပျက်စီးမှုတို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် စွမ်းအင်ထုတ်ယူမှု ထိခိုက်လျက်ရှိရာ စင်ကာပူနိုင်ငံအနေဖြင့် စွမ်းအင်ရရှိနိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ယခင်ကထက်ပိုမိုကြိုးစားသွားရမည်ဟု အဆိုပါအဖွဲ့မှထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

တိုက်တွန်း

ထို့အပြင် ပြည်သူများ စွမ်းအင်ချွေတာသုံးစွဲမှုနှင့် လုံလောက်မှုရှိရန် အထူးသတိပြုသုံးစွဲကြရန်လည်း တိုက်တွန်းထားသည်။ စင်ကာပူနိုင်ငံတွင် စွမ်းအင်ထုတ်ယူရရှိနိုင်မည့် နည်းလမ်းသစ်များ ရှာဖွေကြရန်နှင့် သုတေသနပြုမှုများ ပြုလုပ်သွားကြရန်လည်း တိုက်တွန်းထားသည်။

အောင်မြင်နိုင်

စင်ကာပူနိုင်ငံတွင် နေစွမ်းအင်အသုံးပြု၍ စွမ်းအင်ထုတ်ယူရရှိမည့် နည်းလမ်းသစ်များကို သုတေသနပြုလျက်ရှိပြီး မကြာမီအချိန်အတွင်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အမေရိကန်ဒေါ်လာ၆ဒသမ၁သန်းဖြင့် စံချိန်တင် ရောင်းချခဲ့ရသည့် ပက်ဘ်လိုပီကာဆို ရေးဆွဲခဲ့သော ပုံတူပန်းချီကားအားတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဆစ်ဒနီတွင် ပီကာဆို၏ ပန်းချီကားရောင်းချခဲ့ရမှု ဩစတြေးလျ အနုပညာလက်ရာလောကတွင် စံချိန်တင်

ဆစ်ဒနီ ဇွန် ၂၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ ပန်းချီလေလံပွဲတစ်ခု၌ ဇွန်၁၈ရက်က ပက်ဘ်လိုပီကာဆိုရေးဆွဲခဲ့သော ပုံတူပန်းချီကားကို အမေရိကန်ဒေါ်လာ ၆ဒသမ၁သန်းဖြင့် စံချိန်တင်ရောင်းချခဲ့ရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တောက်ပမှုကို အသားပေးထား

၁၉၅၄ခုနှစ်က ရေးဆွဲခဲ့သော ယင်းပန်းချီကားသည် ကျစ်ဆံမြီးနှင့် ငယ်ရွယ်ချောမောလှပသော ကိုယ်ဟန်ပြမယ်လေးတစ်ဦး၏မျက်နှာကို ကြည်လင် ရှင်းလင်းပြတ်သားစွာ သရုပ်ဖော်ရေးဆွဲထားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အောင်မြင်သော ပန်းချီကားလက်ရာဖြစ်လာခဲ့သည်။ ပန်းချီကားတစ်ခုလုံးတွင် တောက်ပမှုကို အသားပေးထားသည်။

ဆစ်ဒနီမြို့သည် ကမ္ဘာ့တောင်ခြမ်းတွင် နယူးယောက်မြို့၏အနုပညာဈေးကွက်ပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ ရောင်းချနိုင်ခဲ့မှုက ဩစတြေးလျနိုင်ငံရှိ ပန်းချီ၊ပန်းပုလက်ရာပြခန်းများသည် အနုပညာလက်ရာများကို ကမ္ဘာနှင့်အဝန်း ကျယ်ပြန့်စွာရောင်းချနိုင်သည်ကို လက်တွေ့သက်သေပြခဲ့ကြောင်း ဒက်စရှာမင်ဇီပန်းချီပြခန်း ပြောရေးဆိုခွင့်ရှိသူ မရီဂီအစ်စလာက ရိုက်တာသို့ ပြောကြားသည်။

စံချိန်ချိုး

ယင်းနိုင်ငံတွင် လွန်ခဲ့သည့်နှစ်က ၄င်းနိုင်ငံသား ပန်းချီဆရာဘရက်ဝိုက်လေ၏ နှောင်းခေတ်လူရိုင်းကလေးတစ်ဦးပုံပန်းချီကားကို ဩစတြေးလျ ဒေါ်လာ ၃ဒသမ၄၈သန်းဖြင့် စံချိန်တင်ရောင်းချခဲ့ရမှုကို ပီကာဆို၏ပန်းချီကားက စံချိန်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

မလေးရှား၌ မော်တော်ကားရောင်းချမှု မေလအတွင်းမြင့်တက်

ကွာလာလမ်ပူ ဇွန် ၂၁

ယခုနှစ်မေလအတွင်း မလေးရှားနိုင်ငံ၌ မော်တော်ကား ၉၆၀၄စီး ရောင်းချနိုင်ခဲ့ရာ ယခင်နှစ် အလားတူကာလထက် ၂၅ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း ဇွန် ၁၈ရက်က ၄င်းနိုင်ငံ မော်တော်ကားထုတ်လုပ်မှု အဖွဲ့အစည်းမှ ပြောကြားသည်။

ထုတ်လုပ်မှု

သို့သော် ယခုနှစ် ဧပြီလနှင့် နှိုင်းယှဉ်ပါက မော်တော်ကားဈေးနှုန်းမြင့်တက်မှုကြောင့်အရောင်းဈေးကွက်၌ ၄ဒသမ၇ရာခိုင်နှုန်းလျော့ကျလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုပမာဏမှာ ခရီးသည်တင်ကား ၃၉၂၄၉စီးနှင့် ကုန်စည်ကူးသန်းမှု ကား ၃၃၀၉စီး ထုတ်လုပ်နိုင်ခဲ့ကြောင်း အဆိုပါအဖွဲ့အစည်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

ဟောင်ကောင် ဇွန် ၂၁

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇွန် ၂၁ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၂°C	တိမ်ထူထပ်
တောင်ကိုရီးယား	ဆိုးလ်	၂၇°C	မိုးရွာ
ဂျပန်	တိုကျို	၂၃°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟနွိုင်း	၃၂°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
စင်ကာပူ	စင်ကာပူ	၃၃°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၃°C	တိမ်ထူထပ်
ဩစတြေးလျ	ဆစ်ဒနီ	၁၈°C	သာယာ

(အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၂-၆-၂၀၀၈

ကမ္ဘောဒီးယား၌ ရေအားလျှပ်စစ်စက်ရုံ တရုတ်ကုမ္ပဏီ တည်ဆောက်မည်

ကမ္ဘောဒီးယားနိုင်ငံ ကို့စ်ကောင်းပြည်နယ်တွင်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် သဘောတူညီချက်ကို ကမ္ဘောဒီးယားအစိုးရနှင့် တရုတ်အမျိုးသား အကြီးစားစက်မှုလုပ်ငန်း(စီအင်န်အိတ်ချ်အမ်စီ)တို့ သဘောတူလက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် စီအင်န်အိတ်ချ်အမ်စီအနေဖြင့် အမေရိကန်ဒေါ်လာသန်း၅၄၀ အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၂၄၆မဂ္ဂါဝပ် ထွက်ရှိမည်ဟု မျှော်မှန်းထားသည်။

မူးယစ်မှောင်ခိုသူ ၁၀ဦး ကိုလံဘီယာ၌ ဖမ်းဆီး

ကိုလံဘီယာနိုင်ငံတွင် အာဖရိကနှင့် အမေရိကန်နိုင်ငံများသို့ မူးယစ်ဆေးဝါးမှောင်ခို ရောင်းချမည့်သူ ၁၀ဦးကို ကနေဒါအာဏာပိုင်များက ဖမ်းဆီးလိုက်ပြီ ဖြစ်သည်။

ယင်းမူးယစ်ဆေးဝါး ဂိုဏ်းအဖွဲ့အား ပြီးခဲ့သည့် နှစ်နှစ်ကတည်းက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုကင်းထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်သည်။

ပါကစ္စတန်လေတပ် ရဟတ်ယာဉ်ပျက်ကျ

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း ပန်ဂျပ်ပြည်နယ်တွင် ပါကစ္စတန်လေတပ်(ပီအေအက်ဖ်)မှ အက်ဖ်-၇ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း ပီအေအက်ဖ်မှ သတင်းထုတ်ပြန်သည်။

လေကြောင်း လေ့ကျင့်ပျံသန်းနေစဉ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် လယ်ကွင်းပေါ်သို့ ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးမှာ အသက်မသေဘဲ လွတ်မြောက်ခဲ့ကြောင်းသိရသည်။

ကယ်လီဖိုးနီးယား၌ ဓာတ်ဆီဈေးနှုန်း မြင့်တက်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း၌ ဓာတ်ဆီဈေးနှုန်းများ ဆက်လက်မြင့်တက်လာလျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်ကထက် ဓာတ်ဆီတစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ ၁ဒသမ၄၁ဒေါ်လာ မြင့်တက်ခဲ့ပြီး လက်ရှိပေါက်ဈေးမှာ ဓာတ်ဆီတစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ ၄ဒသမ၆၂၆ဒေါ်လာရှိကြောင်း မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းရှင်များ အသင်းက သတင်းထုတ်ပြန်သည်။

သတင်းထုတ်ပြန်

ပြီးခဲ့သည့် သီတင်း၁၂ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း ၁၂ကြိမ် မြင့်တက်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

နယူးဇီလန်သို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု ကျဆင်း

နယူးဇီလန်နိုင်ငံသို့ ယခုနှစ်မေလအတွင်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ နှစ်ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးသဖြင့် ယခုကဲ့သို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်ခရီးသွားလုပ်ငန်းက ပြောကြားသည်။

ပိုမိုများပြား

ခရီးသွားဧည့်သည်များ လာရောက်မှုတွင် အမေရိကန်နိုင်ငံမှ ရှစ်ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံက ၂ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ကနေဒါနှင့် တရုတ်နိုင်ငံများမှ ခရီးသွားဧည့်သည်များမှာ တိုက်ရိုက်လေကြောင်းလိုင်းများ ရှိသဖြင့် ပိုမိုများပြားလာခဲ့သည်။

တရုတ်၌ ရထားလမ်းတည်ဆောက်ရေး လုပ်ငန်းခွင် ပြိုကျ

တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျင်းပြည်နယ်တွင် ဝမ်ကျိုမြို့နှင့် ဟူကျိုမြို့ကို ဆက်သွယ်သည့် ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ သံမဏိချောင်းများ ပြိုကျမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး နှစ်ဦးပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့သည်။

ယင်းသို့ ပြိုကျမှုဖြစ်ပွားရာ အနီးဝန်းကျင်ရှိ နေအိမ်များကို ထိခိုက်မိ၍ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာတစ်လွှားထူးထူးခြားခြား

တရုတ်နိုင်ငံ နန်နင်းမြို့တွင် ယန်ချောင်အင် အမည်ရှိ တရုတ် အမျိုးသားကြီးတစ်ဦးက ဇွန်၂၀ရက်၌ ခန္ဓာကိုယ်တွင် ပျားကောင်ရေ ၁၅၀၀၀၀ကျော်ကို လာရောက်နားစေခြင်းဖြင့် ကမ္ဘာပေါ်၌ ပျားကောင်ရေ အများဆုံး လာရောက်နားသူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) (အင်တာနက်-ဓာတ်ပုံ)

အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့တွင် ၃၆နှစ်အရွယ် ခရစ်ရှနာရီပယ် ရှရီဗက်စတာဗာအမည်ရှိ အမျိုးသားတစ်ဦးက တန်၂၇၀ရှိသည့် သင်္ဘောတစ်စင်းကို ၁၅မီတာ အကွာအဝေးရောက်အောင် ဆွဲပြနိုင်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာမှုခင်းဖြစ်ရပ်

သတိလက်လွတ်ဖြစ်ခဲ့မိသည်၏ နောက်ဝယ်....

ဆာရေးစီရင်စုမြို့လေးသည် ဗြိတိန်နိုင်ငံ အရှေ့တောင်ပိုင်းတွင်တည်ရှိကာ လူဦးရေတစ်သန်းနှစ်သိန်းကျော်နေထိုင်သော အေးချမ်းသာယာသည့် မြို့လေးဖြစ်သည်။ ယင်းမြို့လေးတွင် ကိတ်နီကိုလ်ဆင်ဆိုသူ အမျိုးသားကြီးတစ်ဦး နေထိုင်သည်။ နီကိုလ်ဆင်သည် အငြိမ်းစားအဆောက်အအုံ ကန်ထရိုက်တစ်ဦးဖြစ်ပြီး ၁၉၉၈ခုနှစ် သူ့အသက် ၆၀အရွယ်တွင် အလုပ်မှ အငြိမ်းစားယူကာ အိမ်တွင် ဇနီးနှင့်အတူ အေးအေးလူလူ နေထိုင်ခဲ့သည်။

ပြုလုပ်လေ့ရှိ

နီကိုလ်ဆင်သည် သားသမီးများ အတောင်အလက်စုံချိန်တွင် အသီးသီး အိမ်ထောင်ကျသွားကြသဖြင့် အိမ်တွင် ဇနီးသည်နှင့်အတူ နေထိုင်ရင်း သူဝါသနာပါရာ စာဖတ်ခြင်း၊ လမ်းလျှောက်ခြင်းအပြင် မိတ်ဆွေများထံသို့ အခါအားလျော်စွာ သွားရောက်လည်ပတ်ခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ သူနေထိုင်ရာ ဆာရေးမြို့ဂစ်ဖို့ဒ် အရပ်တောင်ပိုင်းလမ်းမကြီးသည် လူကုံထံများနေထိုင်ရာ အေးဆေးဆိတ်ငြိမ်သော အရပ်ဖြစ်သည်။ သူသည် ကန်ထရိုက်အဖြစ်အလုပ်လုပ်ကိုင်စဉ်ကတည်းက ငွေကြေး မြောက်မြားစွာ ချွေတာစုဆောင်းပြီး ဘဏ်တွင်အပ်နှံနိုင်ခဲ့သဖြင့် အငြိမ်းစားယူချိန်တွင် သူ၏ရှေ့ရေးမှာ ပူစရာ မလိုတော့ဘဲ ယခုကဲ့သို့ အေးအေးချမ်းချမ်းနေထိုင်နိုင်ခြင်းဖြစ်သည်။

ဝင်ထွက်

သူ၏သားသမီးများသည်လည်း အိမ်ထောင်အသီးသီးကျကာ သူတို့ဇနီးမောင်နှံနှင့် ဝေးကွာသည့်အရပ်များတွင် နေထိုင်ကြသဖြင့် မိဘများဖြစ်သည့် သူတို့၏အိမ်သို့ တစ်လတစ်ခါ၊ နှစ်လမှတစ်ခါ စသည်ဖြင့်သာ ဝင်ထွက်နိုင်လေသည်။ သူသည် သာမန်အချိန်များတွင် ရွှေငွေများ ဝတ်ဆင်လေ့မရှိသော်လည်း လူမှုရေးအခမ်းအနားဧည့်ခံပွဲများသို့ သွားရောက်ရသည့်အခါများတွင်မူ ဆွဲကြိုးနှင့် လက်စွပ် စသည်တို့ကို ဝတ်ဆင်လေ့ရှိသည်။ သူသွားလေ့ရှိသည့် လူမှုရေးအခမ်းအနားများမှာ နေ့လယ်၊ နေ့ခင်းတွင်သာ ကျင်းပလေ့ရှိသော ပွဲများဖြစ်သဖြင့် ယင်းရွှေငွေများနှင့်ပတ်သက်ပြီး သူ့အပေါ် အန္တရာယ်ကျရောက်မည်ကို မပူရပေ။ တစ်နေ့တွင် သူမမျှော်လင့်သော အန္တရာယ်က သူ့အပေါ်ကျရောက်ကာ သူ့ဘဝကို ပျက်သုဉ်းသွားအောင် ဖျက်ဆီးခဲ့လေသည်။ သူ၏ သတိလက်လွတ်ဖြစ်သွားမှုကြောင့်လည်း အန္တရာယ်ကျရောက်ပြီး ဘဝပျက်ခဲ့ရခြင်း ဖြစ်သည်။

စတီဖင်ပွတ်တော့ခ်နှင့် ဘာရီစထရက်ချ်

ဖိတ်ခေါ်

ထိုတစ်နေ့ကား ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၁၇ရက် ညပိုင်းဖြစ်သည်။ ထိုညတွင် နီကိုလ်ဆင်၏ ငယ်ပေါင်းကြီးဖော် မိတ်ဆွေတစ်ဦးက သူ၏မွေးနေ့ပါတီသို့တက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။ မွေးနေ့ပွဲသည် ခါတိုင်းသူသွားနေကျ နေ့ခင်းဘက်မဟုတ်ဘဲ ည၆နာရီမှ ၁၀နာရီအထိ ကျင်းပခဲ့ခြင်းဖြစ်သည်။ နီကိုလ်ဆင်သည် အခင်မင်အရင်းနီးဆုံးသူငယ်ချင်းဖြစ်သဖြင့် ၆နာရီမှ စသွားကာ ၁၀နာရီကျော်သော်လည်း ပြန်မလာဖြစ်ဘဲ မိတ်ဆွေအပေါင်းအသင်းစုံလင်စွာဖြင့် စကားလက်ဆုံကျ စားသောက်နေခဲ့ကြသည်။ ထိုသို့ နေရင်းမှ ည၁၂နာရီထိုးခါနီးတွင် အိမ်သို့ လမ်းလျှောက်ပြန်ခဲ့သည်။

သေဆုံး

နီကိုလ်ဆင်သည် သူ၏အိမ်နှင့်မလှမ်းမကမ်းအရောက်တွင် လူငယ်နှစ်ဦး၏ တိုက်ခိုက်လုယက်ခြင်းကို ခံခဲ့ရသည်။ ထိုလူငယ်များက သူ့အားတွန်းလှဲကာ သူ၏ခန္ဓာကိုယ်ပေါ်သို့ ဆောင့်နင်းခြင်း၊ လိုမ့်ကန်ခြင်း၊ ဦးခေါင်းအား လက်သီးနှင့် ထိုးခြင်းတို့ကြောင့် နီလ်ကိုဆင်မှာ သတိလစ်သွားခဲ့သည်။ ထိုအခါလူငယ်နှစ်ဦးသည် သူ၏ဆွဲကြိုးနှင့် လက်စွပ်များကို ချွတ်ယူကာ ထွက်ပြေးတိမ်းရှောင်ခဲ့သဖြင့် အမှုမှာ ငါးနှစ်ကြာမပေါ်ဘဲ ရှိနေခဲ့သည်။ နီကိုလ်ဆင်မှာ နောက်တစ်နေ့တွင် နှလုံးရောဂါအခံကြောင့် ဆေးရုံတွင် သေဆုံးခဲ့သည်။

ငြင်းဆန်

ယင်းသို့ဖြစ်ပွားပြီး ငါးနှစ်အကြာ ၂၀၀၅ခုနှစ်တွင် ပြတင်းပေါက်သန့်ရှင်းရေးသမား အသက်၂၆နှစ်ရှိ စတီဖင်ပွတ်တော့ခ်၏ ရည်းစားဟောင်းက အခင်းဖြစ်သည့်နေ့က စတီဖင် သူမထံလာကြောင်း၊ သူအမှားလုပ်မိပြီဟု ပြောသကဲ့သို့ သူ၏လက်တွင်လည်း သွေးများစွန်းထင်နေကြောင်း သတင်းပေးခဲ့သဖြင့် စတီဖင်နှင့်အတူ ပြစ်မှုကျူးလွန်သူ အသက်၃၂နှစ်အရွယ်ရှိ ဘာရီစထရက်ချ်ကို ဖမ်းခဲ့သည်။ မျက်မြင်သက်သေများကလည်း သူတို့နှစ်ဦးသည် အမူးလွန်နေဟန်ရှိပြီး တစ်ဦးက ခင်ဗျားနာရီပေးဟု ခြိမ်းခြောက်တောင်းသံကို ကြားရသည်ဆိုသည်။ ၎င်းတို့က လူသတ်မှုကို ငြင်းဆန်ခဲ့သော်လည်း စတီဖင်ထံမှ သိမ်းဆည်းခဲ့သော ဆွဲကြိုးနှင့် လက်စွပ်နှစ်ကွင်းအပြင် နီကိုလ်ဆင်အနီးမှ တွေ့ရှိသိမ်းဆည်းရမိသော လက်စွပ်တွင် ဘာရီ၏လက်ဗွေရာများ တွေ့ရသဖြင့် လန်ဒန်မြို့ အိုဘေလီတရားရုံးက ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၁၉ရက်တွင် ၎င်းတို့ နှစ်ဦးအား ထောင်၁၆နှစ်စီ ချမှတ်ခဲ့သည်။

ယခုဖြစ်ရပ်တွင် တစ်ချက်ကလေး သတိလက်လွတ်ဖြစ်ခဲ့မိသောကြောင့် အသက်နှင့်ရင်းကာ ပေးဆပ်ခဲ့ရသော ကိတ်နီကိုလ်ဆင်၏ ကြေကွဲသင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်ကို ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက်

ချစ်စိုးနိုင် ကိုးကားရေးသားသည်။

လူသတ်မှုကို ငြင်းဆန်ခဲ့သော်လည်း စတီဖင်ထံမှ သိမ်းဆည်းခဲ့သော ဆွဲကြိုးနှင့် လက်စွပ်နှစ်ကွင်းအပြင် နီကိုလ်ဆင်အနီးမှ တွေ့ရှိသိမ်းဆည်းရမိသော လက်စွပ်တွင် ဘာရီ၏လက်ဗွေရာများ တွေ့ရသဖြင့် လန်ဒန်မြို့ အိုဘေလီတရားရုံးက ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ၎င်းတို့နှစ်ဦးအား ထောင်၁၆နှစ်စီ ချမှတ်ခဲ့သည်။

ဘဝအမောပြေ

မေ့တတ်လိုက်ပုံက....

အသက်ကြီးသောအမျိုးသမီးကြီးသုံးဦး စားသောက်ဆိုင်တွင် စကားပြောလျက်ရှိကြသည်။

ပထမအမျိုးသမီး ။ ။ ငါ အခု သတိမေ့တတ်နေတယ်။ မနေ့က စာအုပ်အငှားဆိုင်မှာ စာအုပ်ပြန်အပ်ရမှာ ဒီနေ့မှသွားအပ်လိုက်ရတယ်။

ဒုတိယအမျိုးသမီး ။ ။ ငါလည်း အဲဒီလိုပါပဲ။ မနက်က ဈေးထဲသွားပြီး အသားတစ်ခုဝယ်ဖို့သွားတာ ဆန်တစ်မျိုးပဲ ဝယ်ခဲ့မိလို့ အိမ်ရောက်မှ ဈေးတစ်ခေါက် ထပ်သွားရတယ်။

တတိယအမျိုးသမီး ။ ။ မည်သို့မျှ မပြောဘဲ အဝေးသို့ ငေးကြည့်နေရာမှ ''ငါပြန်တော့မယ်''ဟု ပြောပြီး ရုတ်တရက် ထပြန်သွားလေသည်။

အတန်ကြာသော်... စားပွဲထိုးရောက်လာပြီး ခုနက အမျိုးသမီးကြီးက ဖုန်းဆက်ပါတယ်။ ငွေရှင်းဖို့ မေ့သွားလို့ သူ့အတွက် ရှင်းလိုက်ဖို့ ပြောပါတယ်။

ပထမနှင့် ဒုတိယ အမျိုးသမီး ။ ။ ''ရှင်''

သူတို့ အတွေးနှင့် အမြင်

* ***There is a foolish corner even in the brain of the sage.***

  ပညာရှိတစ်ဦး၏ ဦးနှောက်အတွင်း၌ပင်လျှင် ညံ့ဖျင်းမှုအကန့်တစ်ကန့် ပါရှိနေတတ်သည်။

  အရစ္စတိုတယ်

  (ဂရိလူမျိုးအတွေးအခေါ်ပညာရှင်)

* ***I will answer anything I can with honour, but not about others.***

  အကျိုးမရှိသော အတင်းအဖျင်းစကားတွေကလွဲပြီး ဘာမဆို ကျုပ်ဟာ သိက္ခာရှိရှိနဲ့ ဖြေကြားမယ်။

  ဂျွန်ဘရောင်း

  (အမေရိကန်လူမျိုး ကျွန်စနစ်တိုက်ဖျက်ရေးသမား)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

သတင်းမြင်ကွင်း-မျိုးညွန့် (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း-ငွေအောင် (ကြေးမုံ)
စာမျက်နှာဖွဲ့ စည်းမှု-ထိန်လင်း (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၂

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေမှန်များကို ပြည်သူထံ တင်ပြလို၍ မိမိတို့ သတင်းအဖွဲ့သည် ဇွန်၇ရက်က လပွတ္တာမြို့ဝင်၌ ရှက်ဖျင်တဲများဖြင့် အစီအရီရှိနေသည့် ၅မိုင် ကယ်ဆယ်ရေး စခန်းနှင့် ၃မိုင် ကယ်ဆယ်ရေး စခန်းများကို သွားရောက်လေ့လာခဲ့သည်။

ယင်းကယ်ဆယ်ရေး စခန်းများ၌ မုန်တိုင်းသင့်ပြည်သူများကို ရှက်ဖျင်တဲများဖြင့် သန့်ရှင်းသပ်ရပ်စွာ စနစ်တကျ နေရာချထားပေးပြီး ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန ဆေးပေးခန်း မြန်မာနိုင်ငံ ဆရာဝန်များအသင်း(ဗဟို) တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးအဖွဲ့၊ ဇေကမ္ဘာကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့တို့က ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ဒေါက်တာစိုးလွင်ငြိမ်း
(ညွှန်ကြားရေးမှူး-ကူးစက်ရောဂါတိုက်ဖျက်ရေး)

ဒေါက်တာသန်းထိန်ဝင်း
ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက် မန်နေဂျာ

ဒေသခံပြည်သူတွေ ကူးစက်ရောဂါ မဖြစ်ပွားအောင် ဝမ်းပျက် ဝမ်းလျှော၊ ဝက်သက်နှင့်မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်း၊ ရေတွင်း ရေကန်များ၌ ဆေးခတ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရအောင် ခြင်၊ ယင်ပေါက်ပွားနိုင်သော နေရာများတွင် ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့။

၎င်းပြင် သန့်ရှင်းသော သုံးရေ၊ သောက်ရေ ရရှိရန် သုံးရေကန်နှင့် ရေသန့် စက်ကြီးများ တပ်ဆင်၍ ၂၄ နာရီ ရေပေးဝေမှုကို တွေ့မြင်ရသည်။

မိမိတို့ သတင်းအဖွဲ့သည် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ မည်ကဲ့သို့ ဆောင်ရွက်ပေးသည်ကို သိရှိလို၍ လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး မြို့နယ်ဆရာဝန်ကြီး ဦးလှကြိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြို့နယ် ဆရာဝန်ကြီး ဦးလှကြိုင်က **"လပွတ္တာမြို့ပြည်သူ့ဆေးရုံပျက်စီးမှုများကို သုံးရက်အတွင်း ပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီး လပွတ္တာမြို့နယ်ရှိ လေဘေးသင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ အရေးပေါ်ကာလအတွင်း နေ့စဉ်အရေးပေါ် လူနာ ၅၀၀နှင့် ၆၀၀ကြား ကုသမှုပေးခဲ့ပါကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်များကိုလည်း အထူးဂရုစိုက်ပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ခဲ့ပါကြောင်း၊ အရေးပေါ်ကာလ အတွင်းလူနာ ၆၂ဦးကို ခွဲစိတ်ကုသမှု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း"** ရှင်းပြသည်။

ဆက်လက်၍ ကူးစက်ရောဂါ ဖြစ်ပွားမှု ရှိ မရှိ သိရှိလို၍ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါ တိုက်ဖျက်ရေးမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဦးစိုးလွင်ငြိမ်းအား တွေ့ဆုံပြီးမေးမြန်းရာ **"အဓိကအားဖြင့် ဒေသခံပြည်သူတွေ ကူးစက်ရောဂါ မဖြစ်ပွားအောင် ဝမ်းပျက် ဝမ်းလျှော၊ ဝက်သက်နှင့် မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်း၊ ရေတွင်း ရေကန်များ၌ ဆေးခတ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရအောင် ခြင်၊ ယင်ပေါက်ပွားနိုင်သော နေရာများတွင် ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း"**။

"တစ်ပြိုင်တည်း ရန်ကုန်မှအထူးကု ဆရာဝန်ကြီးများ အဖွဲ့တစ်ဖွဲ့ အင်အားထပ်ဖြည့်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး နိုင်ခဲ့ကြောင်း"။

"မိခင်နှင့်ကလေး စောင့်ရှောက်မှု လုပ်ငန်းတွင်လည်း သံဓာတ်အားဆေး တိုက်ကျွေးပေးခြင်း၊ ကျေးရွာများတွင် ပြန်လည်နေထိုင်ကြသော သူများအား သဘာဝဘေး မခံရသည့် ဒေသများက ကျန်းမာရေး ဝန်ထမ်းများကို စေလွှတ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည့်အပြင် နယ်လှည့် ကျန်းမာရေး အဖွဲ့က ဝေဿန္တရာ သင်္ဘောဖြင့် ကျေးရွာများကို သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်နိုင်ခြင်းတို့ကြောင့် လပွတ္တာမြို့ ဝန်းကျင် ကျေးရွာများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ကူးစက်ရောဂါဖြစ်ပွားမှု မရှိခဲ့ကြောင်း" ရှင်းပြသည်။

ထို့နောက် ကူးစက်ရောဂါ မဖြစ်ပွားရေးအတွက် ကာကွယ်ဆေးထိုး လုပ်ငန်းများကို စီမံချက် မန်နေဂျာ ဒေါက်တာ ဦးသန်းထိန်ဝင်းအား မေးမြန်းရာ **"ကယ်ဆယ်ရေးစခန်းများရှိ အသက်ကိုးလမှ ၁၀နှစ်အထိ ကလေးများအား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးခဲ့ရာ ဇွန် ၁၁ရက်နေ့အထိ ၂၁၈၀ဦးကို ကာကွယ်ဆေး ထိုးပေးနိုင်ခဲ့ကြောင်း"** ရှင်းပြသည်။

ဆက်လက်၍ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ထားမှု အခြေအနေများကို သိရှိလို၍ လက်ထောက် အင်ဂျင်နီယာ ဦးအောင်မြင့်စိုး (ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာန)အား မေးမြန်းခဲ့ရာ **"ယင်လုံ အိမ်သာနှင့် သန့်ရှင်းသော ရေရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း။** ယခု လပွတ္တာမြို့ ရတနာဒီပဘောလုံးကွင်း၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းပြီး" ယင်လုံအိမ်သာ ငါးခန်းတွဲ ၁၀လုံး စုစုပေါင်း အလုံး ၅၀၊ ၃ မိုင်စခန်း၌ အလုံး ၁၁၀၊ ၅မိုင်စခန်း၌ အလုံး ၁၁၀တို့ကို သတ်မှတ်ချက်နှင့်အညီ ဆောက်လုပ်ပေးထားပါကြောင်း။

ရေရရှိရေးတွင်လည်း ကယ်ဆယ်ရေးစခန်းများ၌ ရေသန့်စက်များကို တပ်ဆင်ထားရှိပါသည်။ ရောဂါ မဖြစ်ပွားရေးအတွက် အမှိုက်ကျင်းများကိုလည်း အဖုံးများဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးထားကြောင်း" ရှင်းပြခဲ့ပါသည်။ ။

Sony Cyber-shot ကင်မရာ Smile Shutter Function မိတ်ဆက်

ရန်ကုန် ဇွန် ၂၂

TMW Enterprise Ltd. က Sony Cyber-shot ကင်မရာ၏ Smile Shutter Function မိတ်ဆက်ရှင်းလင်းပွဲကို ယမန်နေ့နံနက် ၁၁နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အစီအစဉ်အရ TMW Enterprise Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးဝေလွင် **(အပေါ်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Sony Singapore မှ မန်နေဂျာ Mr. Spencer Low က Smile Shutter အကြောင်း ရှင်းလင်းမိတ်ဆက်ကာ Sony Cyber-shot ကင်မရာများနှင့် ဆက်စပ်ပစ္စည်းများ ပြကွက်ကို ဖွင့်လှစ်ပေးကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် Sony Singapore မှ Mr. Mark Loo က Smile Shutter နည်းပညာအသစ် တီထွင်ဆန်းသစ်ထားပုံများ၊ ကင်မရာမော်ဒယ်အမျိုးမျိုး အသုံးပြုပုံပြုနည်းများ၊ Sony Cyber-shot ကင်မရာ နည်းပညာများကို ရှင်းလင်းပြောကြားပြီး Smile Shutter Function နည်းပညာသစ် အသုံးပြုနည်း အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသည်။

ဝယ်ယူရရှိနိုင်

Sony Cyber-shot ကင်မရာများ၏ Smile Shutter Function နည်းစနစ်ဖြင့် ကင်မရာရှေ့ရှိ အပြုံးမျက်နှာများကို မလွတ်တမ်း အလိုအလျောက် ရိုက်ယူနိုင်သော ထူးခြားဆန်းသစ်သည့် တီထွင်မှုမှာ Sony တစ်ခုတည်းတွင်သာ ရှိကြောင်းနှင့် Smile Shutter Function ပါဝင်သော DSC-T 300၊ T70၊T2၊ W300၊ W170၊ W150၊ W130၊ W120၊ W110၊ H50၊ H10၊ S750 နှင့် S730 မော်ဒယ်ကင်မရာ အမျိုးမျိုးကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့များရှိ TMW Enterprise Ltd. ၏ Sony Showroom များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှူဒါန်း

အဂ္ဂမဟာပဏ္ဍိတ အဘိဓေဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇန ဟိတရေ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆန်၊ ဆီ၊ ကြက်သွန်ဖြူ၊ ငါးသေတ္တာ၊ မိုင်လို၊ သကြားနှင့် မုန့်ထုပ်စသော စားသောက်ဖွယ်ပစ္စည်း ၂၂မျိုးကို ပေးပို့လှူဒါန်းရာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်တို့က လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၈
(တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**စူဠကာလ၊ မဟာကာလ သုတ္တန်**တရားတော် [အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယ]
၈:၀၅-၂:၀၅	Sunday Talk [မျိုးမြတ်သူ၊ကိုကို (စက်မှုတက္ကသိုလ်)]
၈:၅၀-၂:၅၀	ရွှေမြိုင်ဆန်တန်းမှာ … မျှော်မှန်းမြတ်နိဗ္ဗာန်စခန်း (အပိုင်း-၂)
၉:၀၅-၃:၀၅	တေးဂီတအစီအစဉ်
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	၄က်မျိုးစုံစွာပျော်စရာကမ္ဘာ (အပိုင်း-၂)
၉:၃၀-၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅-၃:၃၅	ဗုဒ္ဓအလိုတော်ကျ ရှင်ပြုရဟန်းခံမင်္ဂလာ
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	မိသားစုတနင်္ဂနွေ (သီရိမင်္ဂလာ ကမ္ဘာ့အေးစေတီတော်)
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	ဆန်းပြားအသွင်မြန်မာ့ကြက်ဆင်
၁၀:၄၀-၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀-၄:၅၀	သိစေချင်သည် ICT (WCDMA အကြောင်းသိကောင်းစရာ)
၁၁:၀၅-၅:၀၅	တေးဂီတအစီအစဉ်
၁၁:၁၀-၅:၁၀	ဆန်းသစ်လှပ ခေတ်မီသော မြန်မာ့ချည်ထည် အဆင်ဆန်းများ
၁၁:၂၅-၅:၂၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၃၀-၅:၃၀	စားချင်စဖွယ် နည်းအသွယ်သွယ် (အသားစဥကြော် ပြုလုပ်နည်း)
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကိုသတိပြု [ဒေါက်တာခင်မောင်လွင် ညွှန်ကြားရေးမှူး၊ ဒေါက်တာသန်းထွဋ်]
၁၂:၁၅-၆:၁၅	တေးဂီတအစီအစဉ်
၁၂:၂၀-၆:၂၀	Biz Net
၁၂:၃၀-၆:၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **နှလုံးသားစီရင်ခန်း**
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၂၁

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၇နာရီတွင် နေပြည်တော်ရှိ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စတင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပထမပတ် စတင်စိုက်ပျိုးခြင်း အထိမ်းအမှတ်အဖြစ် ခရေပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးသည်မြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်း၏ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နေပြည်တော်ပုံနှိပ်စက်ရုံတို့သို့ သွားရောက်၍ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းအောင်မြင်နေမှု အခြေအနေများနှင့်စက်ရုံဝန်ထမ်းများစုပေါင်း၍ မိုးရာသီသစ်ပင်စတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးသည် နေပြည်တော် သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်သံကြားသို့ရောက်ရှိ၍ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းနှင့် သရက်စိုက်ခင်းတို့ကို ကြည့်ရှုပြီး ၂၀၀၇ ခုနှစ် အတွင်း စိုက်ပျိုးခဲ့သည့် အရိပ်ရလေကာပင်များ ဖြစ်ထွန်းအောင်မြင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်း၍ မိုးရာသီသစ်ပင် စတင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဆီသပြေပင်ကို စိုက်ပျိုးပေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ သံဃာ့ဥသျှောင်ဘဒ္ဒန္တ ကောဝိဒ မဟာထေရ်အရှင်သူမြတ်၏ (၇၅)နှစ်ပြည့် မွေးနေ့မင်္ဂလာစိန်ရတု အခမ်းအနားတွင်သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်တရားနာယူစဉ်။ (၁၂၄)

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်တပ်ကုန်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေပြည်တော်သတင်းစာတိုက်နှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နေပြည်တော်ပုံနှိပ်စက်ရုံတို့မှ ဝန်ထမ်းများစုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများမှ ဝန်ထမ်းများ၏ မိုးရာသီ စုပေါင်းသစ်ပင် စတင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး လျှိုပိတ်ဆည်များအတွင်း ရေဝင်ရောက်မှု၊ ငါးမွေးမြူထားရှိမှုအခြေအနေများနှင့် ဆိတ်မွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းရှိ သတင်းနှင့်စာနယ်ဇင်းစက်ရုံတို့၌ ခရေပင်များကို စိုက်ပျိုးပေးပြီး ငါးမွေးမြူရေးကန်များတွင် ငါးမွေးမြူထားရှိမှုနှင့် ဆိတ်မွေးမြူရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြစ်ထွန်းအောင်မြင်

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ အပြင်စည်းရိုး

ထို့နောက် ဝန်ကြီးသည် ကျွန်းစိုက်ခင်းစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ငါးမွေးမြူထားရှိမှုနှင့် ငါးကန်အသစ်တူးဖော်နေမှုတို့ကို လည်းကောင်း၊ ဆိတ်မွေးမြူရေး အခြေအနေကိုလည်းကောင်း၊ ဆီး(ဇီး)စိုက်ခင်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ အပြင်စည်းရိုးကာရံဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

စိုက်ပျိုး

ယနေ့ကျင်းပသည့် မြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပထမပတ် စတင်စိုက်ပျိုးခြင်းတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဲဇလီ၊ တမာ၊ စိန်ပန်း၊ ဆီသပြေနှင့် ခရေစသည့် အပင်များကို နေပြည်တော်ရှိ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၁၈၀၀၊ နေပြည်တော်တပ်ကုန်းရှိ နေပြည်တော် သတင်းစာတိုက်၌ အပင်ပေါင်း ၂၀၀၀၊ နေပြည်တော် ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၁၀၀၀၊ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၁၇၀၀ စုစုပေါင်း ပျိုးပင် ၆၅၀၀ တို့ကို စိုက်ပျိုးကြသည်။

ထို့အပြင် ၂၀၀၈ ခုနှစ် မိုးရာသီတစ်ခွင်လုံးတွင် မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ အပင်ပေါင်း ၃၀၀၀၊ နေပြည်တော်သတင်းစာတိုက်၌ အပင်ပေါင်း ၅၀၀၀၊ နေပြည်တော် ပုံနှိပ်စက်ရုံ၌ အပင်ပေါင်း ၃၅၀၀၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အပင်ပေါင်း ၁၅၀၀၀ စုစုပေါင်း ပျိုးပင် ၂၆၅၀၀ တို့ကို မြေလွတ်မြေလပ်တို့တွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အပတ်စဉ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများစုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား အထက(၁) ရန်ကင်းတွင်ကျင်းပ

ရန်ကုန် ဇွန် ၂၁

၂၀၀၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၉ရက် နံနက် ၈နာရီက ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့် အမှာစကားပြောကြားပြီး ရန်ကင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် (ပညာရေးရာ) ဦးမျိုးလွင်ဦးက တန်ဖိုးကြီးစွာ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကင်းမြို့နယ် မူးယစ်ကြီးကြပ်ရေးမှူး တိုကျိုအောင်ကြီး **(အောက်ပုံ)**က မူးယစ်ဆေးဝါးကြောင့် လူငယ်များ လမ်းမမှားအောင် ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။ **(၁၇၀)**

လေဘေးသင့်ဒေသများတွင် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိရစ္ဆာန်မွေးမြူမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

ရန်ကုန် ဇွန် ၂၁

လေဘေးသင့်ဒေသများတွင် လယ်ယာကဏ္ဍပြန်လည်ထူထောင်ရေး အထောက်အကူအဖြစ် ပြည်နယ်၊ တိုင်း အသီးသီးမှ ခိုင်းကျွဲခိုင်းနွားများကို သယ်ဆောင်ဖြည့်တင်းပေးလျက်ရှိရာ ဇွန်၁၉ရက်အထိ လပွတ္တာမြို့သို့ ၈၀၃ကောင်၊ ဖျာပုံမြို့သို့ ၂၉၆ကောင်၊ ဘိုကလေးမြို့သို့ ၃၂၁ကောင်၊ ဒေးဒရဲမြို့သို့ ၁၇၅ကောင်၊ မော်လမြိုင်ကျွန်းမြို့သို့ အကောင်၆၀ စုစုပေါင်း ၁၆၅၅ကောင်ကို ဖြန့်ဝေပေးပြီးဖြစ်သည်။

ကျွဲ၊နွား အစာဖြန့်ဝေ

ကမ္ဘာ့တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့(WSPA)က လှူဒါန်းသည့် ကျွဲ၊နွား အားဖြည့် အစာတောင့် တန်၁၂၀ကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ ပံ့ပိုးသယ်ဆောင်ပေးမှုဖြင့် ဖြန့်ဝေပေးပို့လျက်ရှိသည်။

တိရစ္ဆာန်ရောဂါကာကွယ်ကုသ

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်နယ်၊ တိုင်း အသီးသီးမှ တိရစ္ဆာန်ဆေးကုဝန်ထမ်းများပါဝင်သော တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုအထူးအဖွဲ့ ၁၈ဖွဲ့သည် ကမ္ဘာ့တိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့(WSPA)မှ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ နယ်မြေခံဝန်ထမ်းများနှင့် ပူးပေါင်း၍ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါကုသခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ကျွဲ၊ နွား တိရစ္ဆာန်ကောင်ရေ ၁၇၀၀၀ကျော်အား ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကောင်ရေ ၁၂၀၀ကျော်အား ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်သည်။ မြန်မာနိုင်ငံ Fortune International Ltd.က လှူဒါန်းသည့် တိရစ္ဆာန်သုံး ရေဖျော်အားဆေးများကိုလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

တိရစ္ဆာန်မွေးမြူရေးဇုန်တည်ဆောက်

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးဖွဲ့ (FAO)နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့၏ အစီအစဉ်အရ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲများ တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ ထပ်မံထောက်ပံ့ရန်နှင့် ဧရာဝတီတိုင်းအတွင်း ကျွဲမွေးမြူရေးဇုန်တစ်ခုတည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်က စေတနာအပြည့်ဖြင့် အားပေးပျိုးထောင် စီမံဆောင်ရွက်ပေးမှုများအပေါ် အခြေခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခိုင်မာတောင့်တင်းရေးနှင့် ဒေသဖွံ့ဖြိုးရေး အားထည့်လုပ်ကိုင်

နေပြည်တော် ဇွန် ၂၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့ နံနက် ၈နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ဘိုကလေး မြို့သို့ ရောက်ရှိသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ဘိုကလေးမြို့၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ငါးဖမ်းလှေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ပြန်လည် ထူထောင်တည်ဆောက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ဘိုကလေးမြို့မှ လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ လှိုင်းဘုန်းကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းအား ပြန်လည်ပြင်ဆင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယာယီကျောင်းဆောင် ဆောက်လုပ်ထားမှုများကို ကြည့်ရှုကြသည်။

နှုတ်ဆက်အားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်း ကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လာရောက်ကူညီဆောင်ရွက် ပေးလျက်ရှိသည့် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ အသင်းဝင်များ၊ လှိုင်းဘုန်း ကျေးရွာမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် စေတနာရှင်ဆေးဝါး စောင့်ရှောက်ရေး အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လှိုင်းဘုန်း ကျေးရွာမှ ပြည်သူများအား တွေ့ဆုံ၍ လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး၊ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဖြည့်ဆည်းစီမံပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လှိုင်းဘုန်းကျေးရွာအတွက် ရောက်ရှိနေသည့် လက်တွန်းထွန်စက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးချုပ်က ရာသီအမီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူများ အနေဖြင့် ဝိုင်းဝန်းကြိုးကြပ် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် လှိုင်းဘုန်းကျေးရွာအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများ၊ ဆေးဝါးများ၊ အစားအစာများနှင့် ကျောင်းဝတ်စုံများကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ကြိမ်ချောင်းကြီးကျေးရွာ

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် လှိုင်းဘုန်း ကျေးရွာမှ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီ လီမိတက်က ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးကြရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့်တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အားထည့်လုပ်ရန်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကြိမ်ချောင်းကြီး ကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လေဘေးသင့်ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ယခင်မူလအနေအထားထက် တိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်ကစေတနာအပြည့်ဖြင့် စီမံပေးနေမှုများ၊နိုင်ငံတော်၏ အားပေးပျိုးထောင်ပေးမှုများအပေါ် အခြေခံ၍ မိမိတို့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ခိုင်မာတောင့်တင်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလုပ်ကို ကြိုးကြိုးစားစား အားထည့်လုပ်ရန် လိုအပ်ပုံများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်သားများ၊ တနင်္သာရီတိုင်း၊ပဲခူးတိုင်း(အနောက်ပိုင်း)၊ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီ တိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ကြိမ်ချောင်း ကြီးကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ စုပေါင်းဆောင်ရွက်နေမှု များကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းအုပ်ကြီး ဦးဝင်းနိုင်နှင့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများကို ပေးအပ် သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီးကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်တစ်ဦးကကြိမ်ချောင်းကြီးကျေးရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ အလှူရှင်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်စေရန် Internet မှတစ်ဆင့် သတင်း တင်နေမှုလုပ်ငန်းများကိုရှင်းလင်းတင်ပြပြီး ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီးကျေးရွာတွင် လူနေအိမ်များ ဆောက်လုပ်ရန် လျာထားသည့်ဇယားကားချပ်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီးကျေးရွာအတွက် ရေ လုပ်ငန်းသုံး ပစ္စည်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ပေးအပ်သည်။

နေအိမ်များကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့်၁၂နာရီတွင် ကြိမ်ချောင်းကြီးကျေးရွာမှ ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိ ကြပြီး ငွေဆင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာ အခြေခံ ပညာ အထက်တန်းကျောင်း ပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကျောင်းသား ကျောင်းသူများ စာသင်ကြား နေမှုများကို ကြည့်ရှုပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စောမြင့်ထံ စာရေး ကိရိယာများကို ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား စားသောက် ဖွယ်ရာများကို ပေးအပ်သည်။

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာမှ ပြည်သူများအား လေမုန်တိုင်းဒဏ်ခံရသည့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဖြည့်ဆည်းစီမံပေးနေမှုများကိုရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

စာရေးကိရိယာများပေးအပ်

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ကျောင်းအုပ်ဆရာမကြီးထံ ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော စာရေး ကိရိယာများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဈေးဆိုင်များဖွင့်လှစ်ပြီး ပုံမှန်ရောင်းဝယ်နေမှု အနေအထားကို လှည့်လည်ကြည့်ရှုကြပြီး ပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်ကြသည်။

အများသုံးတယ်လီဖုန်း

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အများသုံးတယ်လီဖုန်းဖြင့် ပြည်သူများ ဆက်သွယ်ပြောဆိုနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် စက်ဆန်းကျေးရွာအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများ အပါအဝင် ပံ့ပိုးပစ္စည်းများကို ကျေးရွာဥက္ကဋ္ဌထံပေးအပ်ပြီး လိုအပ် သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာမှ ရန်ကုန် မြို့သို့ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၄၅မိနစ် တွင် ရောက်ရှိကြသည်။

နေအိမ်များဆောက်လုပ်

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများ အတွက် (၁၆ပေ×ပေ၂၀)အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အခိုင်အမာ နေအိမ်များကို နိုင်ငံတော်၏ ထောက်ပံ့စီမံမှုဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက တာဝန်ယူဆောက်လုပ်ပေးလျက်ရှိရာ ထူးထရေးဒင်းကုမ္ပဏီက ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌လည်းကောင်း စတင်ဆောက်လုပ်ပေး လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ဇွန် ၂၁ ရက်က ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်း-၇)
(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (Ph.D, D. Litt)၊ ဘိုကလေးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျမေဒနီကျောင်းဆရာတော်ဘဒ္ဒန္တဉာဏဝံသနှင့် မြို့နယ်အကျိုးတော်ဆောင် ကျိုက်ပိကျောင်းဆရာတော် ဘဒ္ဒန္တဇဋိလတို့ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ သီတဂူသာသနာပြုအဖွဲ့ဝင်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ရှင်းလင်းမြွက်ကြား

ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D, D.Litt) က မုန်တိုင်းဒဏ်ခံရသော ဘိုကလေးမြို့နယ်ဆေးရုံ၊ ဖျာပုံမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံနှင့် အမာမြို့ဆေးရုံများသို့ ဆေးရုံသုံး၊ ဆရာဝန်သုံး၊ လူနာသုံးပစ္စည်းများအား သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းရသည့်ရည်ရွယ်ချက်များ၊ ဆက်လက်လှူဒါန်းရန် စီစဉ်ထားမှုများကို ရှင်းလင်းမြွက်ကြားတော်မူသည်။

ယင်းနောက် သီတဂူဆရာတော်ကိုယ်စား သီတဂူသာသနာပြုအဖွဲ့ ကပ္ပိယကာရက အတွင်းရေးမှူး ဦးဟန်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ဘိုကလေးမြို့နယ်ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံသုံး စက်ကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

စာရွက်စာတမ်းများပေးအပ်

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်ထံ သီတဂူသာသနာပြုအဖွဲ့ ကပ္ပိယကာရကအဖွဲ့ဝင် ဦးသန်းလွင်က ဖျာပုံမြို့နယ် အမာမြို့ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံသုံးစက်ကိရိယာများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ သီတဂူသာသနာပြုအဖွဲ့ ကပ္ပိယကာရကအဖွဲ့ဝင် ဦးမောင်မောင်အေးက ဖျာပုံမြို့နယ် ကဒုံကနိတိုက်နယ်ဆေးရုံအတွက် လှူဒါန်းသော ဆေးဝါးနှင့် ဆေးရုံသုံး စက်ကိရိယာများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

အထောက်အကူ

ယင်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ကျေးဇူးတင်စကား လျှောက်ထား ပြောကြားရာတွင် ယခုလှူဒါန်းသော ဆေးရုံသုံးပစ္စည်းများသည် အရေးပေါ်လူနာများအတွက် မရှိမဖြစ် အလွန်အရေးကြီး အသုံးဝင်လှသည့် နှလုံးစမ်းသပ်စက်၊ မေ့ဆေးစက်၊ E.C.G စက်၊ အာထရာဆောင်းစသည်တို့အပြင် ဆေးရုံသုံးပစ္စည်း မီးစက်များပါထည့်သွင်းလှူဒါန်းထားသည်ကို တွေ့ရသည့်အတွက် ဒေသအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါကြောင်း။

ဆရာတော်ကြီးဦးဆောင်ပြီး ဆရာတော်၏သီတဂူအဖွဲ့အလှူရှင် ဒါယကာ ဒါယိကာမများအနေဖြင့် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ အမာ၊ ဒေးဒရဲ မြို့နယ်များအတွင်း လေဘေးသင့်ရပ်ကွက်ရှင်လူ ပြည်သူများအား မေတ္တာကရုဏာ ရှေ့ထားပြီး စားသောက်ဖွယ်ရာများ၊ ဆန်အိတ်များ၊ အဝတ်အထည်များ၊ အိုးခွက်ပန်းကန်များ၊ဆေးနှင့်ဆေးပစ္စည်းများအပြင် လေဘေးဒဏ်ကြောင့်ပျက်စီးသွားသည့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ရန်အတွက် သွပ်အချပ်ပေါင်း တစ်သိန်းသုံးသောင်းကျော်နှင့် ပြင်ဆင်စရိတ်ငွေကြေးများကိုပါ ပမာဏများပြားစွာ လှူဒါန်းခဲ့ကြောင်း သိရှိရသည့်အတွက် လေဘေးသင့်သည့် ရပ်ကွက်ရှင်လူ ပြည်သူအပေါင်းတို့ကိုယ်စား များစွာကျေးဇူးဥပကာရတင်ပါကြောင်း။

မေ ၂ ရက်နှင့် ၃ ရက်များတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းသည် မိမိတို့နိုင်ငံသမိုင်းတွင် တစ်ကြိမ်တစ်ခါမျှမကြုံတွေ့ခဲ့ဖူးသော ပြည်သူအများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှု အလွန်များပြားလှသည့် ဖြစ်ရပ်ဆိုးကြီးဖြစ်ပါကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

အသက်ရှင်ကျန်ရစ်ခဲ့သည့် လေဘေးသင့်ပြည်သူများအား မိမိကိုယ်တိုင်ခံစားရသကဲ့သို့ စာနာထောက်ထား ကြင်နာသနားပြီး ကရုဏာလမ်းကြောင်းကို တည်ဆောက်၍ ကာယကံမြောက် လက်တွေ့အကောင်အထည်ဖော် ကူညီပေးကမ်းစောင့်ရှောက်ခဲ့ပါသော ဆရာတော်ကြီးနှင့်တကွ အလှူရှင် ဒါယကာ ဒါယိကာမအပေါင်းတို့အား လေဘေးသင့်ပြည်သူများ၏ကိုယ်စား များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့်လည်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းဖြင့် လျှောက်ထား ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များသည် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆေးဝါးပစ္စည်းများကြည့်ရှု

အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် သီတဂူသာသနာပြုအဖွဲ့က လှူဒါန်းထားသည့် ဆေးရုံသုံး၊ ဆရာဝန်သုံးနှင့် လူနာသုံးဆေးဝါးပစ္စည်းများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)

ဇာတ်သဘင်ပွဲတော်ကြီး ကပြဖျော်ဖြေမည်

ရန်ကုန် ဇွန် ၂၁

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)၏စီစဉ်ကြီးကြပ်မှုဖြင့် သဘင်ပညာရှင်များ၏ဇာတ်သဘင်ပွဲတော်ကြီးကို ဇွန် ၂၅ရက်၊ ၂၆ရက်နှင့် ၂၇ရက် ညတို့တွင် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ တက်ဆက်ကပြ ဖျော်ဖြေမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၆-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၇:၅၅ ၅။ ဗိုက္ကရဲရေထိန်းတံခါး
- ၈:၁၀ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၁:၂၅ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၅ ၄။ မြန်မာဗီဒီယိုဇာတ်လမ်း **သူစေညွှန်ရာ.....စေ** လူမင်း၊ ရီဝေယံ၊ ထက်ထက်မိုးဦး၊ လှမျိုးသဉ္ဇာနွယ် (ဒါရိုက်တာ-ဟိန်းစိုး)
- ၁၃:၅၀ ၅။ ၂၀၀၇ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ(အပိုင်း-၁)
- ၁၄:၄၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၅၀ ၇။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ **ညော်မယ်ဗို့** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၅ ၅။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တေးများ
- ၅:၀၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၄၀ ၉။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
- ၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၇)
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၃၂)

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

တောင်အာဖရိက၌ မိုးသက်လေပြင်းများတိုက်ခတ် လေးဦးသေဆုံး၊ နေအိမ်များရေလွှမ်း

ကိတ်တောင်း ဇွန် ၂၁

တောင်အာဖရိကနိုင်ငံ ဒေသအများအပြားတွင် ဇွန်၂၁ရက်နံနက်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် ရေလွှမ်းမှု (အောက်ပုံ)နှင့် မြေပြိုမှုများ ဖြစ်ပွားလျက်ရှိကြောင်း တောင်အာဖရိကနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဇွန်၂၁ရက် မွန်းလွဲပိုင်းက သတင်းထုတ်ပြန်သည်။

ရုပ်ဆိုင်းထား

ရေလွှမ်းမှုဖြစ်ပွားသော နေရာများမှာ ကဝါဇူလူနာတယ်မြို့နှင့် အနီးဝန်းကျင်ဒေသများဖြစ်ပြီး လူလေးဦးသေဆုံးပြီး နေအိမ်အများအပြားရေလွှမ်းမိုးခံခဲ့ရသည်။ ထို့အတူ ဒါဘင်မြို့တွင်လည်း မြေပြိုမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှု ရုပ်ဆိုင်းထားသည်။

သတိပေးချက်ထုတ်ပြန်

ထို့အတူ တောင်အာဖရိကနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းနှင့် အရှေ့တောင်ပိုင်းကမ်းခြေဒေသများ၌လည်း ရေလွှမ်းမှုနှင့်မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။

(အင်တာနက်)

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

ဆိုက်ပရပ်စ်၌ အပူလှိုင်းများကျရောက်မည့် သတိပေးချက်ထုတ်ပြန်

ဗာဆာ ဇွန် ၂၁

ဆိုက်ပရပ်စ်နိုင်ငံတွင် မကြာမီရက်ပိုင်းအတွင်း အပူလှိုင်းများ ကျရောက်နိုင်ကြောင်း ဆိုက်ပရပ်စ်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက သတိပေးချက် ထုတ်ပြန်သည်။

မြင့်တက်

ဆိုက်ပရပ်စ်နိုင်ငံ နီကိုရှားမြို့အပါအဝင် အခြားမြို့ကြီးများ၌ အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက်အထိမြင့်တက်လျက်ရှိနေပြီး ကမ်းရိုးတန်း ဒေသရှိ မြို့ကြီးများ၌ပင် အပူချိန် ၉၉ဒီဂရီဖာရင်ဟိုက်အထိ ရှိနေသည်။

ထုတ်ပြန်

ထို့ကြောင့် ဆိုက်ပရပ်စ်နိုင်ငံ တစ်ဝန်း မကြာမီရက်ပိုင်းအတွင်း အပူလှိုင်းများ ကျရောက်နိုင်သဖြင့် ပြည်သူများအား သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များကိုလည်း နှိုးဆော်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

ဥတုရာသီ တောကိုမီး

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းပျက် ဝမ်းလျှောရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာ မစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အဏ္ဏဝါဇီဝ/အဏ္ဏဝါသိပ္ပံ(မော်လမြိုင်တက္ကသိုလ်) မိတ်ဆုံစားပွဲနှင့်အာစရိယပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၁

မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါဇီဝ/အဏ္ဏဝါသိပ္ပံဘာသာရပ် ကျောင်းသူ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲနှင့်အာစရိယပူဇော်ပွဲကို ဇွန် ၂၈ ရက် ညနေ၄နာရီတွင် M 3 Food Center ဗဟန်း အားကစားကွင်းတော်လှန်ရေး ပန်းခြံရှေ့တွင် ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒေါ်မြမြသိန်း (၈၀) ဖုန်း-၀၉-၅၁-၁၅၃၉၂၊ ဦးထွန်းအေး (၈၁) ဖုန်း - ၀၉-၅၁၃၈၉၅၉၊ ဦးဇော်ဇော်ဖေ (၈၁) ဖုန်း-၀၉-၅၁၃၂၄၀၇၊ ၀၁-၅၈၆၉၇၉၊ ဒေါ်တင်အေးကြည် (၈၂) ဖုန်း-၀၁-၅၄၂၂၀၆၊ ဦးစိုးအုန်းမြင့်(၈၃)ဖုန်း-၀၉-၅၁-၃၁၀၀၉၊ ဦးဉာဏ်ဝေထွန်း (၈၄) ဖုန်း-၀၁-၇၀၁၂၈၈၊ ဒေါ်ခိုင်သီထွန်း(၈၄) ဖုန်း-၀၉-၅၁-၀၁၄၅၃၊ ဒေါ်မိုးသူဇာသုန်(၈၅)ဖုန်း-၀၉-၅၁၄၆၆၃၅၊ ဦးသစ်ထွန်း (၈၆)ဖုန်း-၀၁-၇၀၀၄၂၉၊ ဦးနေထွဋ်တင်(၈၇) ဖုန်း-၀၉-၅၁၂၅၅၄၅၊ ၀၁-၅၃၉၂၂၅၊ ဦးကျော်သန်းဦး(၈၇) ဖုန်း-၀၉-၅၀၆၁၈၃၇၊ ဦးမျိုးသန်းနိုင် (၉၅) ဖုန်း-၀၉-၈၀၂၀၄၉၅၊ ဒေါ်နီလာတင်ဦး (၉၄) ဖုန်း-၀၁-၅၁၁၄၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မိုးလေဝသသတင်း

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ မိုးသက်လေပြင်းကျနိုင်

သန်းသန်းနု ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၂၁

ဇွန် ၂၁ရက်က ရာသီဥတုဖြစ်စဉ်ကိုလေ့လာကြည့်ရာ၌ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့ပြီး ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း(အောက်ပိုင်း)တို့တွင် နေရာကွက်ကျားမိုးရွာခဲ့၍ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။



ဇွန် ၂၂ရက် **(ယနေ့)**တွင် စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာမည်ဖြစ်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာမည်ဖြစ်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အောက်ပိုင်း)နှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျားမိုးရွာမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်ကြောင်း သဘာဝရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းဖော်ပြလိုက်ရပါသည်။

ဇွန် ၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ဖျာပုံ	၅ ဒသမ ၇၅ လက်မ
စစ်တွေ	၄ ဒသမ ၂၅ လက်မ
မြစ်ကြီးနား	၂ ဒသမ ၅၆ လက်မ
ကျောက်ဖြူ	၁ ဒသမ ၉၇ လက်မ
သံတွဲ	၁ ဒသမ ၇၄ လက်မ
ပူတာအို	၁ ဒသမ ၁၈ လက်မ

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်။

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ် ၄၅၀ ပထမထပ်နေ ဒေါ်မြငွေ အသက်(၇၇)နှစ်ပြည့် မွေးနေ့အလှူ အဖြစ် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး ၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်သုံးသိန်းကို အနုနာယကဆရာတော် ဘန္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် တရားစခန်းပွဲများ လစဉ်ကျင်းပမည်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း လစဉ်မပြတ် မြန်မာလဆန်း ၆ရက်၊ လပြည့်ကျော်၆ရက် တရားစခန်းပွဲများကို ပုံမှန်အတိုင်း ကျင်းပသွားမည်ဖြစ်ရာ တရားအားထုတ်ကြမည့်ယောဂီများသိစေရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းနှင့် အဖွဲ့ချုပ်ကြီးအတွင်း တရားစခန်းဝင်တရားအားထုတ်လျက်ရှိကြကုန်သော ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်ကြီးအတွက် အမြန်ပြီးမြောက်ရေး အလှူရှင်များ လိုအပ်လျက်ရှိရာ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းမှ ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၂၁

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၉၃၀၀၀၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် သိန်း၂၀တန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၆၈၇၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၆၆၄၃၀၀၀တန်ဖိုးရှိ သွပ်အချပ်၂၀၀၀နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်ပြည်သူများက အလှူငွေ ၂၉၄၈၉၆၃၉ ကျပ်နှင့် ငွေ ၆၉၃၀၂၅၉ ကျပ် တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၆၁၅၈၂၅၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယမန်နေ့က လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၃၇၆၄၄၀၉၈ ကျပ်ဖြစ်ရာ ဇွန်၂၀ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေ ၁၃၀၀၉၈၇၉၈၇၆၉ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ကွန်ပျူတာပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇွန် ၂၁

၂၀၀၈ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ/ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲ

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးတင်ထွန်းအုန်း(ဝင်းလျှံ)၏ တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ မီးကိုတိုးသည့် ပိုးဖလံဝတ္ထုတိုက ပထမဆု၊ မနန်းသီဂီဝင်း (ကီးကီး-ရွှေမြိုင်)၏ သန်းခေါင်ယံလွန်ပြီးနောက်ဝယ် ဝတ္ထုတိုက ဒုတိယဆုနှင့် ရဲအုပ်မောင်သန်း(မောင်သက်နှင်း-မ/ဥ)၏ တန်ဖိုးရှိသောလူ ဝတ္ထုတိုက တတိယဆုများ အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲတွင် ဦးတင်မောင်(သိပ္ပံ-မှူးတင်)၏ သိစေလိုပါသည် ဆောင်းပါးက ပထမဆု၊ ဒေါ်အေးအေး(မေဇွန်အေး)၏ မူးယစ်အန္တရာယ်တို့ လူငယ် ကာကွယ်တိုက်ဖျက်လက်ချင်းဆက် ဆောင်းပါးက ဒုတိယဆုနှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၏ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး ဆောင်းပါးက တတိယဆုများ အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲ

ကဗျာပြိုင်ပွဲတွင် သူဇာနွယ်(ဖျာပုံ)၏ မူးယစ်အန္တရာယ် လူ့ရန်စွယ် ဖြိုဖျက်တွန်းလှန် အောင်ပွဲခံ ကဗျာက ပထမဆု၊ ဦးသိန်းစိုး(ရဲရင့်မိုင်း)၏ မူးယစ်ဆန့်ကျင် အောင်ပွဲဆင် ကဗျာက ဒုတိယဆုနှင့် ဦးသက်နှင်းဦး (သက်လှိုင်မျိုး-စက်မှုတက္ကသိုလ်)၏ မူးယစ်ဘေးကင်း ညှင်းလေသွင်းခ သင်းမြစေ ကဗျာက တတိယဆုများ အသီးသီးရရှိကြသည်။

တေးသီချင်းပြိုင်ပွဲ

တေးသီချင်းပြိုင်ပွဲတွင် စိုင်းဆန်းဝင်းဗိုလ်(ဟိုပုန်း)၏ မူးယစ်ဆေး ကာကွယ်တားဆီးပေး တေးသီချင်းက ပထမဆု၊ ဒေါက်တာယဉ်ယဉ်ဌေး (ဗဟိုအမျိုးသမီးဆေးရုံကြီး)၏ မူးယစ်ကင်းစင် မြန်ရွှေပြည်တခွင် တေးသီချင်းက ဒုတိယဆုနှင့် ဦးလေးနိုင်(လေးနိုင်မင်း)၏ လက်တွဲတိုက်ဖျက်ကာကွယ်ပေး ရန်စွယ်မူးယစ်ဆေး တေးသီချင်းက တတိယဆုများ အသီးသီးရရှိကြသည်။

ပန်းချီပြိုင်ပွဲ

မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆) ဗိုလ်တထောင်က ပထမဆု၊ မောင်ကျော်ဇင်သန့် အထက(၁၄) ချမ်းအေးသာစံက ဒုတိယဆုနှင့် မခင်စုစုဟန် အလက(၄)လှိုင်က တတိယဆုများ အသီးသီးရရှိကြသည်။

အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မခိုင်မေသူ ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မရွှန်းမြင့်မိုရ်ဦး ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေးကျောင်းက ဒုတိယဆုနှင့် မောင်ကောင်းထက်ကျော် အထက(၅) တာမွေက တတိယဆုများ အသီးသီးရရှိကြသည်။

အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ပထမဆု၊ မောင်ဗဟိန်း ပုသိမ်တက္ကသိုလ်က ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ အသီးသီးရရှိကြသည်။

ကာတွန်းပြိုင်ပွဲ

မူလတန်းအဆင့်ကာတွန်းပြိုင်ပွဲတွင် မောင်မင်းထွေးဉာဏ်အမက(၄)မုံရွာကပထမဆု၊မောင်သီဟသွေးအထက(၆) ဗိုလ်တထောင်က ဒုတိယဆုနှင့် မအေးရူပါလင်း အလက(၃) မြစ်ကြီးနားက တတိယဆုများ အသီးသီး ရရှိကြသည်။

အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မယမင်းပပလင်း အထက(၄) တောင်ကြီးက ပထမဆု၊ မောင်မျိုးသူရိန်ကျော် အထက(၇)မန္တလေးက ဒုတိယဆုနှင့် မခိုင်မေသူ ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများ အသီးသီးရရှိကြသည်။

အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက(၃) ပဲခူးက ပထမဆု၊ မောင်ရဲမြတ်အောင် နည်းပညာတက္ကသိုလ် မှော်ဘီကဒုတိယဆုနှင့် မအေးမြတ်သူအထက(၂)လသာက တတိယဆုများအသီးသီးရရှိကြသည်။

ပိုစတာပြိုင်ပွဲ

မူလတန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်သီဟသွေး အထက(၆) ဗိုလ်တထောင်က ပထမဆု၊ မောင်ဝေယံရီမောင် အမက(၂၄)ပုသိမ်က ဒုတိယဆုနှင့် မောင်သုခနန္ဒ အမက(၁၀)ရန်ကင်းက တတိယဆုများ အသီးသီး ရရှိကြသည်။

အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မောင်သူရပိုင်စိုး အထက(၆)ပုသိမ်က ပထမဆု၊ မောင်ကောင်းထက်ကျော် အထက(၅)တာမွေက ဒုတိယဆုနှင့် မခိုင်မေသူ ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးကျောင်းက တတိယဆုများ အသီးသီးရရှိကြသည်။

အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် မနှင်းနွယ်နွယ်အောင် အထက(၂) ကျောက်တန်းက ပထမဆု၊ မောင်ဝင်းမြတ်သူ ဒဂုံတက္ကသိုလ်က ဒုတိယဆုနှင့် မအေးမြတ်သူ အထက(၂)လသာက တတိယဆုများ အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲ

အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မရတနာဆုရှင် အထက(၃)ပဲခူးက ပထမဆု၊ မဖြိုးအိဇင် အထက သုဝဏ္ဏကဒုတိယဆုနှင့် မောင်မင်းထက်ထူးအောင် အထက ရွှေတောင်က တတိယဆုများ အသီးသီး ရရှိကြသည်။

အထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်အောင်ပိုင်စိုး အထက(၃)ပဲခူးက ပထမဆု၊ မနေကြည်သန်းဝင်း အထက(၁)မကွေးက ဒုတိယဆုနှင့် မောင်သက်ပိုင်စိုး အထက ပုသိမ်က တတိယဆုများ အသီးသီး ရရှိကြသည်။

ကွန်ပျူတာဒီဂျစ်တယ် ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် မဆုဝေဖြိုး ကျိုင်းတုံမြို့က ပထမဆု၊ မောင်စိုင်းစိုးလှိုင် ကျိုင်းတုံမြို့ကဒုတိယဆုနှင့် မောင်စိုးမိုးအောင် ကွန်ပျူတာတက္ကသိုလ်တောင်ကြီးက တတိယဆုများ အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ဦးရန်နောင်ထွန်း တောင်ကြီးက ပထမဆု၊ မောင်မောင်မြင့်စိန်က ဒုတိယဆုနှင့် ရွှေအင်းသား ခင်မောင်ဝင်းက တတိယဆုများ အသီးသီးရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူများကို ၂၀၀၈ခုနှစ် ဇွန် ၂၆ရက်တွင် ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်ကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း ရဲတပ်ဖွဲ့မှူးများမှတစ်ဆင့် အကြောင်းကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ယူရို ၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်(၄) စပိန်နှင့် အီတလီတို့အနေအထား

စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာ ဂိုးသွင်းနိုင်ပါ့မလား။

ဘန်း ဇွန် ၂၁

ယူရို ၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်(၄)အဖြစ် နာမည်ကြီး စပိန်နဲ့ အီတလီတို့ ဇွန် ၂၃ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ယူရို ၂၀၀၈ ပြိုင်ပွဲ မစတင်မီကတည်းက ချန်ပီယံ ဖြစ်နိုင်တယ်လို့ ရေပန်းစားနေကြတဲ့ အသင်းတွေဖြစ်လို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ပွဲ ဖြစ်မှာ သေချာနေပါတယ်။

ဒဏ်ရာရ

စပိန်အသင်းဟာ နည်းပြ အာရာဂိုးနက်စ်ရဲ့ အခင်းအကျင်းနဲ့ ကွာတားအထိ တက်လာခဲ့တာဖြစ်ပေမယ့် လက်ရှိအချိန်မှာတော့ စပိန်ကစားသမားအချို့ ကြံ့ခိုင်မှု မပြည့်ဝကြပါဘူး။ စပိန်အသင်းခေါင်းဆောင် ပူယိုးလ်နဲ့ တောင်ပံကစားသမားဖြစ်တဲ့ ကာဇိုလာတို့ ဒဏ်ရာတွေရထားတာမို့ အင်အားပြည့် ကစားနိုင်ကြမှာတော့ မဟုတ်ပါဘူး။

သတိကြီးကြီးထား

စပိန်တိုက်စစ်မှာ တောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့က လျင်မြန်ပြီး ဂိုးသွင်း သေချာသူတွေဖြစ်တဲ့အပြင် ဂိုးလည်း ရအောင်သွင်းယူနိုင်ကြတဲ့ သူတွေပါပဲ။ အလယ်တန်းမှာ အင်နီယေစတာ၊ ဆန်နာ၊ ဇာဗီနဲ့ ဒါလ်ဆေးဗားတို့က တစ်ကွင်းလုံးလိုက်ကစားနိုင်သလို တစ်ဖက်အသင်း တိုက်စစ်ကိုလည်း ကွင်းလယ်က ဟန့်တားနိုင်ကြတဲ့အပြင် မိမိအသင်းတိုက်စစ်ကိုလည်း ကွင်းလယ်က စတင်နိုင်ကြတဲ့သူတွေပါပဲ။ စပိန်အသင်းဟာ အီတလီအသင်းနဲ့ ဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် အီတလီအသင်းကို ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့တာတော့ မရှိပါဘူး။ ဒါ့အပြင် ဒီနှစ်သင်းတွေ့ဆုံမှု သမိုင်းကြောင်းကို ပြန်ကြည့်ရင် ၁၉၂၈ခုနှစ်က အီတလီတို့ စပိန်ကို ခုနစ်ဂိုး-တစ်ဂိုးနဲ့ ဂိုးဒါဇင်ဝက်ကျော်သွင်းပြီး အနိုင်ရယူခဲ့တဲ့မှတ်တမ်း ရှိခဲ့ပါတယ်။ နောက်ပိုင်းမှာ စပိန်အသင်း ခြေစွမ်းတွေပြပြီး နိုင်ပွဲတွေ ဆက်တိုက် ရရှိလာခဲ့ပါတယ်။ ဒါပေမယ့် စပိန်နည်းပြ အာရာဂိုးနက်စ်က အီတလီအသင်းဟာ ကစားရခက်တဲ့ အသင်းဖြစ်ပြီး ဒုက္ခအပေးနိုင်ဆုံးအသင်းဖြစ်လို့ သတိကြီးကြီးထားပြီး ကစားရမယ်လို့ ဆိုနေပါတယ်။

ဖြန့်ကစား

နည်းပြဒိုနာဒိုနီရဲ့ အီတလီအသင်းကတော့ ဖြည်းဖြည်းချင်းနဲ့ အောင်မြင်မှု လမ်းကြောင်းကို

အီတလီအတွက် ဂိုးတွေသွင်းယူပေးမည့် တိုက်စစ်မှူး တိုနီ။

ဦးတည်သွားနေတဲ့ အသင်းဖြစ်ပါတယ်။ အခု စပိန်နဲ့ ကစားရမယ့်ပွဲမှာ အဓိကကစားသမားတွေဖြစ်တဲ့ ဂတ်တူဆိုနဲ့ပီယာလိုတို့ အဝါကတ်တွေထိပြီး မပါနိုင်တာကတော့ အားနည်းချက်တစ်ရပ်ဖြစ်ပါတယ်။ ၄း၄း၂ အခင်းအကျင်းကို သဘောကျနေတဲ့ ဒိုနာဒိုနီဟာ တိုက်စစ်မှူးတွေအဖြစ် တိုနီနဲ့ကာဆာနိုတို့အတွဲကို သုံးဖို့ရှိနေပြီး အလယ်တန်းမှာ ဒီရော့ဆီ၊ အမ်ဘရိုဆီနီ၊ ကာမိုရာနီဆီနဲ့ ဇမ်ဘရော့တာတို့ကို ခံစစ်ရော တိုက်စစ်ပါ ဖြန့်ကစားခိုင်းပါလိမ့်မယ်။

အခြေအနေကောင်း

နောက်တန်းခံစစ်မှာ ပါနုချီနဲ့ချီလီနီတို့ကို ဗဟိုခံစစ်ထားပြီး တိုက်စစ်၊ ခံစစ် မျှတအောင် ကစားမှာဖြစ်တဲ့အတွက် အီတလီအသင်း ကစားကွက်အသာစီးရသွားနိုင်ပါတယ်။ ဒါပေမယ့် အီတလီ တိုက်စစ်မှူးတွေထက် စပိန် တိုက်စစ်မှူးတွေဖြစ်တဲ့ တောရက်စ်နဲ့ ဒေးဗစ်ဗီလာတို့က တိုက်စစ်အား၊ ဂိုးသွင်းအားပိုကောင်းကြတာမို့ စပိန်တို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရသွားနိုင်ပါတယ်။ ။ **(အင်တာနက်)**

ယူရို ၂၀၀၈ ဘောလုံးပွဲပြီးမှသာ မိမိအနာဂတ် အဆုံးဖြတ်မည်ဟု ပိုဒေါစကီးပြောကြား

ဘန်း ဇွန် ၂၁

ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီး(ဝဲပုံ)သည် လာမည့်ဘောလုံးရာသီမတိုင်မီ ဘေယန်မြူးနစ်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ဇွန် ၂၁ရက်က ပြောကြားသည်။

ပိုဒေါစကီးကို ပရီမီယာလိဂ်အသင်းများဖြစ်သော မန်စီးတီးနှင့်စပါးတို့က ခေါ်ယူရန် စိတ်ဝင်စားနေပြီး အီတလီစီးရီးအေကလပ် ဂျူဗင်းတပ်စ်အသင်းတို့ကလည်း ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

ဆုံးဖြတ်သွားမည်

အသက် ၂၃နှစ်အရွယ်ရှိ ပိုဒေါစကီးသည် လောလောဆယ်တွင် ဂျာမနီအသင်းအား ယူရို ၂၀၀၈ အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်သည့် အဓိကကစားသမားတစ်ဦးလည်း ဖြစ်သည်။ မိမိအနေဖြင့် ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ၌ ဂျာမနီအသင်း အောင်မြင်မှုရရှိရန် ကြိုးစားပေးနေကြောင်း ယူရို ၂၀၀၈ ဘောလုံးပွဲများ ပြီးဆုံးသွားသည့် အချိန်မှသာ မိမိ၏ အနာဂတ်ကို ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ယူရို၂၀၀၈ ၌ စပိန်အသင်းဖိုလ်စွဲနိုင်ဟု တိုက်စစ်မှူးတောရက်စ် ပြောကြား

လန်ဒန် ဇွန် ၂၁

ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ၌ မိမိတို့စပိန်အသင်း ဖိုလ်စွဲနိုင်မည့် အခွင့်အရေးများရှိနေကြောင်း စပိန်တိုက်စစ်မှူး တောရက်စ်က ဇွန် ၂၁ရက်၌ ပြောကြားသည်။

စပိန်အသင်းသည် လောလောဆယ်တွင် ဇွန်၂၃ရက်၌ ယူရို၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်(၄)အဖြစ် အီတလီအသင်းနှင့်ကစားရမည်ဖြစ်ရာ မိမိတို့အသင်းအနေဖြင့် အီတလီကို အနိုင်ကစားကာ အကြိုဗိုလ်လုပွဲ တက်ရောက်မည်ဟု ယုံကြည်မှုအပြည့်ရှိနေကြောင်း တိုက်စစ်မှူးတောရက်စ်က ပြောကြားသည်။ တောရက်စ်သည် စပိန်အသင်း ကွာတားဖိုင်နယ်ပွဲစဉ်အထိ တက်ရောက်ခဲ့ရာတွင် အဓိကတိုက်စစ်မှူးအဖြစ် ပါဝင်ကစားပေးခဲ့ပြီး စပိန်နည်းပြအာရာဂိုးနက်စ်၏ အားထားရသော ကစားသမားတစ်ဦးလည်း ဖြစ်သည်။

မိမိတို့ စပိန်ဘောလုံးသမားများသည် ယူရို၂၀၀၈ ချန်ပီယံဖြစ်ရေး ဆန္ဒပြင်းပြနေကြသူများဖြစ်ရာ ပွဲတိုင်းအနိုင်ရမည်ဟု ခိုင်မာသောဆုံးဖြတ်ချက် ချထားသူများဖြစ်ကြောင်း တောရက်စ်က ပြောကြားသည်။ **(အင်တာနက်)**

ဂတ်တူဆိုနှင့်ပီယာလိုတို့မပါနိုင်သဖြင့် အီတလီအသင်း ထိခိုက်မှုဖြစ်နိုင်ကြောင်း ကွင်းလယ်ကစားသမားဒီရော့ဆီပြောကြား

ဘန်း ဇွန် ၂၁

စပိန်အသင်းနှင့် ကစားရမည့် ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်၌ ဂတ်တူဆိုနှင့် ပီယာလိုတို့ ပါဝင်ကစားနိုင်မှုမရှိခြင်းမှာ နစ်နာချက်တစ်ရပ်ဖြစ်ကြောင်း အီတလီကွင်းလယ်ကစားသမား ဒီရော့ဆီက ဇွန် ၂၁ရက်၌ ပြောကြားလိုက်သည်။

အီတလီကွင်းလယ်ကစားသမား ဒီရော့ဆီ။

ဂတ်တူဆိုနှင့် ပီယာလိုတို့သည် အသင်း အတွက် ထိထိရောက်ရောက် အကျိုးပြုနိုင်သော ကစားသမားများဖြစ်ကြောင်း၊ ယခုပွဲ၌ ၄င်းတို့နှစ်ဦး မပါဝင်သဖြင့် အသင်းဟန်ချက်ကို ထိခိုက်စေကြောင်း ဒီရော့ဆီက ပြောကြားသည်။

ကြိုးစား

သို့သော် စပိန်အသင်းနှင့် ကစားရမည့် အီတလီအသင်းအတွက် ကစားသမားများ အသင့်ရှိနေပြီဖြစ်ကြောင်း၊ အီတလီအသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ရေးအတွက် မိမိတို့ အစွမ်းကုန်ကြိုးစားသွားမည်ဟု ၄င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အသင်းခေါင်းဆောင်ကိုဗက် ခရိုအေးရှားအသင်းမှ အနားယူတော့မည်ဟုပြောကြား

ဗီယင်နာ ဇွန် ၂၁

ယူရို၂၀၀၈ ရှုံးထွက်အဆင့်ပြိုင်ပွဲ ဇွန်၂၀ရက် ခရိုအေးရှားနှင့် တူရကီတို့ပွဲတွင် ခရိုအေးရှားအသင်းက မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့ပြီးနောက် ခရိုအေးရှားအသင်းခေါင်းဆောင် နီကိုကိုဗက်(အောက်ပုံ)က ၄င်းအနေဖြင့် အသင်းမှ အနားယူရန် အရိပ်အမြွက်ပြောကြားခဲ့သည်။

ခရိုအေးရှားအသင်းအား လွှဲပြောင်းရယူမည့် လူငယ်များ အသင့်ရှိနေကြကြောင်း၊ မိမိအနေဖြင့် သေချာစွာ စဉ်းစားဆုံးဖြတ်မည်ဖြစ်ကြောင်း အသက်၃၆နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ကိုဗက်က ပြောကြားသည်။ **(အင်တာနက်)**

တူရကီနှင့်ခရိုအေးရှား နည်းပြများ၏ ကွာတားပြိုင်ပွဲအပြီး ရင်ဖွင့်စကားများ

ဗီယင်နာ ဇွန် ၂၁

ယူရို၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ် ကစားအပြီး တူရကီနည်းပြ ဖိတ်သ်တာရင်မ်နှင့် ခရိုအေးရှားနည်းပြဆလာဗင်ဘီလစ်တို့၏ ရင်ဖွင့်သံများကို ဖော်ပြလိုက်ပါသည်-

တူရကီနည်းပြရင်ဖွင့်ခဲ့

တူရကီနည်းပြ ဖိတ်သ်တာရင်မ်က **"ကျွန်တော့်အနေနဲ့ ခရိုအေးရှားအသင်းကို ချီးကျူးဂုဏ်ပြုပါတယ်။ ဒီပြိုင်ပွဲဟာ စိတ်အလှုပ်ရှားရဆုံးပြိုင်ပွဲတစ်ခုပါ၊ ခရိုအေးရှား အသင်းဟာလည်း အသင်းကောင်းတစ်သင်းပါ။ ကျွန်တော်တို့တစ်တွေဟာ ဒိုင်က နောက်ဆုံးပိတ်ပွဲအပြီး အချက်ပေးခရာ မမှုတ်ခင်အထိ မလျှော့တမ်း ကြိုးစားကစားခဲ့ကြပါတယ်။ ဒါဟာ ဘောလုံးအားကစားဟာ စိတ်ဝင်စားစရာကောင်းတဲ့ ပြိုင်ပွဲဆိုတာကို ပြနေ**

တူရကီနည်းပြ ဖိတ်သ်တာရင်မ်

တာပါပဲ။ ကျွန်တော့်အသင်းသားတွေကို ချီးကျူးဂုဏ်ပြုသလိုပဲ နှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲကို မရှုံးနိမ့်ခဲ့ပါဘူးလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ဟာ သေရေးရှင်ရေးအချိန်မှာ တစ်ဂိုးပေးလိုက်ရသလို တစ်ဂိုးပြန်သွင်းခဲ့ပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲမဝင်မီက ပယ်နယ်တီကို မလေ့ကျင့်ခဲ့ပါဘူး။ ဒါပေမယ့် ပွဲပြီးတော့ ကျွန်တော်တို့ အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ပါပြီ" ဟု ရင်ဖွင့်ခဲ့သည်။

နည်းပြဆလာဗင်ဘီလစ်

ထို့အတူ တူရကီအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးပြီး ကွာတားအဆင့်မှ ထွက်ခဲ့ရသည့် ခရိုအေးရှားနည်းပြ ဆလာဗင်ဘီလစ်က **"ဒီပွဲကိုတော့ ကျွန်တော့်ဘဝမှာ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး၊ ပွဲကောင်း တစ်ပွဲဖြစ်သလို ကျွန်တော့်ကစားသမားတွေ ဒီပွဲမှာကစားသွားတာ အပြစ်ပြောစရာ မရှိပါဘူး။ ပယ်နယ်တီကန်သွင်းရမယ့် အခြေအနေရောက်တဲ့အခါမှာ ကျွန်တော် အတော်လေး စိတ်လှုပ်ရှားသွားတယ်။ ကျွန်တော်စိုးရိမ်နေတာက ကျွန်တော့်လူတွေ ပယ်နယ်တီကန်တာ မသေချာဘူးဆိုတာပါပဲ။ ခရိုအေးရှားအသင်းဟာ ယူရိုကွာတားအဆင့်မှာ ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းရတာ ဒါပထမဆုံးအကြိမ်ပါပဲ။ သူတို့တွေ ပယ်နယ်တီမဝင်တာကို ကျွန်တော်ဘယ်လိုမှ အပြစ်မပြောလိုတော့ပါဘူး။ ဒီပွဲမှာ သူတို့အကောင်းဆုံး ကစားသွားခဲ့ပြီးဖြစ်နေလို့ပါပဲ"**ဟု ပြောကြားသွားသည်။

တူရကီနှင့် ခရိုအေးရှားအသင်းတို့ မိနစ်၉၀ ပွဲချိန်ပြည့်အထိ အကြိတ်အနယ်ကစားပြီး ဂိုးမရှိသရေဖြစ်နေ၍ အချိန်ပို မိနစ်၃၀ ကစားခဲ့ရာတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။ ထို့ကြောင့် ပယ်နယ်တီအဆုံးအဖြတ် ယူရသည်အထိ ရောက်ခဲ့ရာ နှစ်ဖက်ပရိသတ်များ၊ နည်းပြများနှင့် ဘောလုံးသမားများ အားလုံး စိတ်လှုပ်ရှားမှု ဖြစ်ခဲ့ရသည်။

ဂိုးဝင်ခဲ့

ပထမဆုံး ပယ်နယ်တီကို ခရိုအေးရှားအသင်းမှ လူကာမိုဒရစ်ကန်သွင်းရာ မဝင်ခဲ့သဖြင့် တူရကီတို့ ဝမ်းသာသွားသလို ခရိုအေးရှားတို့ စိုးရိမ်မှုများ စတင်ဖြစ်ပွားခဲ့သည်။ တူရကီအသင်းအတွက် ပထမဆုံး ပယ်နယ်တီကို အာဒါတူရန်ကန်သွင်းရာ ဂိုးဝင်သွားခဲ့သည်။



ဒီပွဲကိုမမေ့တော့ပါဘူး ခရိုအေးရှားနည်းပြဘီလစ်

ခရိုအေးရှားအတွက် ဒုတိယမြောက်ပယ်နယ်တီကို ဒါရီဂျိုစမာကန်သွင်းရာ ဂိုးဝင်ခဲ့သဖြင့် ခရိုအေးရှားတို့ စိတ်သက်သာမှုရခဲ့သည်။ တူရကီအတွက် ဒုတိယမြောက် ပယ်နယ်တီကို ဆန်တုခ်ကန်သွင်းရာ ဂိုးဝင်သွားခဲ့သဖြင့် တူရကီတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အသာရရှိနေသည်။

ဂိုးဝင်ခဲ့

ခရိုအေးရှားအတွက် တတိယမြောက် ပယ်နယ်တီကို ရာကီတစ်ကန်သွင်းရာ လွဲချော်ခဲ့ပြန်သဖြင့် ခရိုအေးရှားနည်းပြနှင့် ခရိုအေးရှားပရိသတ်များ၏ မျက်နှာတို့မှာ ပြုံတော့မည့်မိုးလို ဖြစ်ခဲ့ရသည်။ တူရကီအတွက် တတိယမြောက်ဂိုးကို အယ်တင်တော့က ကန်သွင်းရာ ဂိုးဝင်သွားခဲ့ပြန်သည်။

တက်ရောက်သွား

ခရိုအေးရှားအတွက် စတုတ္ထမြောက် ပယ်နယ်တီကို ပီထရစ်ကန်သွင်းရာ တူရကီဂိုးသမား ပုတ်ထုတ် ကာကွယ်နိုင်ခဲ့သဖြင့် ခရိုအေးရှားတို့ စုစုပေါင်း လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးကာ ယူရို၂၀၀၈ ဘောလုံးပြိုင်ပွဲကို ကွာတားအဆင့်မှ ပင် ထွက်ခဲ့ရခြင်းဖြစ်သည်။ တူရကီတို့ကား ခရိုအေးရှားကို ရေကုန်ရေခန်း ကစားပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ခြင်းဖြစ်သည်။ ။

(အင်တာနက်)

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

တောင်တွင်းကြီး၌ စုပေါင်းသစ်ပင်စိုက်ပျိုး

တောင်တွင်းကြီး ဇွန် ၁၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ရက် နံနက် ၈ နာရီက တောင်တွင်းကြီးမြို့နယ်ဝါးခြမ်းကာကျေးရွာ တောင်တွင်းကြီး-မကွေး ပြည်ထောင်စု ကားလမ်းမကြီးဘေးရှိ မိုင်တိုင်အမှတ် ၂၈၈/၆အနီး၌ မဲဇလီ၊ တမာ၊ ဆီသပြေနှင့်ဆီးစသည့် စုစုပေါင်းအပင်၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။**(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စုပေါင်း စိုက်ပျိုးပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသန်းဝင်း၊ မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံး၊ ငွေရင်းလုပ်ငန်းဖြစ်သော ရေကန်-ပျဉ်ထောင်တွင် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ဇွန်၂ရက်က အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းတိုင်းတာစဉ်။ (၁၇၅)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ပေါ်ရှိ ဥက္ကံချောင်းကူး သစ်သားတံတားတည်ဆောက်မှုကို ဇွန်၁၄ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလှိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

မကွေး ဇွန် ၁၈

မကွေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ရုံးဝန်ထမ်းများ၏ သားသမီးများ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၆ ရက်က မကွေးမြို့နယ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဦးမြင့်ဝေက ၂၀၀၈-၂၀၀၉ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ကြေးပေးအပ်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တက္ကသိုလ်ကျောင်းသားကျောင်းသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ အထက်တန်းကျောင်းသားကျောင်းသူနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကိုလည်းကောင်း၊ အလယ်တန်းကျောင်းသား ကျောင်းသူငါးဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ ကိုလည်းကောင်း၊ မူလတန်း ကျောင်းသားကျောင်းသူငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ်၅၀၀၀ကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(တိုင်း ပြန်/ဆက်)**

မြင်းကကုန်းမြို့၌ လျှပ်စစ်မီးအပြည့်အဝရရှိရေး လျှပ်စစ်ဓာတ်အားတိုင်များ အစားထိုးလဲလှယ်

မြင်းကကုန်း ဇွန် ၁၈

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် မြင်းကကုန်းတွင်လျှပ်စစ်မီးများအပြည့် အဝ ၂၄ နာရီရရှိရေးအတွက်အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ မြို့လျှပ်စစ်မှူး ဦးရန်နိုင်ထွန်းခေါင်းဆောင်သော ဝန်ထမ်းများသည် ဘိုကလေးမြို့ လျှပ်စစ်ဓာတ်အားခွဲရုံမှ မြင်းကကုန်းသို့ ဆက်သွယ်ထားသော (၁၁ကေဗွီ) ဓာတ်တိုင်များနှင့် ဓာတ်ကြိုးများကို တိုင်ထူခြင်း၊ တိုင်အသစ်စိုက်ထူခြင်း၊ ကြိုးဆွဲ၊ကြိုးတင်းသည့်လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ ဇွန် ၁၆ ရက်အထိ ၉၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ဆောင်ရွက်

မြင်းကကုန်း (၁)၊(၂)နှင့်(၃)နယ်မြေများတွင်လည်း လျှပ်စစ်ဓာတ်အားတိုင်များ အစားထိုးလဲလှယ် အသစ်စိုက်ထူခြင်း၊ဓာတ်အားလိုင်းများသန့်ရှင်းပြုပြင်ဆောင်ရွက်လျက်ရှိရာ မကြာမီ လျှပ်စစ်ဓာတ်အား ပြန်လည်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၅၉)**

ဖလမ်းမြို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ဖလမ်း ဇွန် ၁၅

ချင်းပြည်နယ် ဖလမ်းမြို့ တလန်းပိုရပ်ကွက် တစ်မိုင်ကျောင်းအနီး စေတီကုန်းတွင် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၇ နာရီကကျင်းပရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် အဖွဲ့ဝင်များ၊ ဖလမ်းမြို့နယ်ဥက္ကဋ္ဌဦးဇော်ဝင်းငွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအုန်းမောင်စည်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ ခေါင်းဆောင်များအား ပျိုးပင်များပေးအပ်သည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌဦးဆောင်၍ ချယ်ရီပင်စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသောပြည်သူ အင်အား၃၀၀ ကျော်ဖြင့် ချယ်ရီပင် ၃၀၀၊ မက်ခေါက်ပင် ၃၀၀၊ သရက္ခန်ပင် ၅၀တို့ကို စိုက်ပျိုးကြသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၃-၆-၂၀၀၈(တနင်္လာနေ့)

- ☐ Developing Writing Skills
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Integrated Skills
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၆-၂၀၀၈(အင်္ဂါနေ့)

- ☐ Asking For and Giving Direction
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Offers and Request I+II
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၆-၂၀၀၈(ဗုဒ္ဓဟူးနေ့)

- ☐ Talking About Past Habits
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Future Plans and Itentions
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Leisure Activities
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Making Deduction Present and Past
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၆-၆-၂၀၀၈(ကြာသပတေးနေ့)

- ☐ Describing Places
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Talking About Families
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Expressing Likes and Dislikes
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၇-၆-၂၀၀၈(သောကြာနေ့)

- ☐ Teaching Drama (1)+ (2)
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ☐ Teaching Drama (3)
  - တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၈-၆-၂၀၀၈(စနေနေ့)

- ☐ Frequency Distribution Table
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Measures of Location
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Business Environment
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Graphical Presentation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Demand
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Purpose of Accounting and Double Entry Book-Keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Internal Structure and Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၆-၂၀၀၈(တနင်္ဂနွေနေ့)

- ☐ Simple Random Sampling
  - တတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Nature and Scope of International Economics
  - တတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Meaning and Measurement of Economic Develop-ment
  - တတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Analysis of Financial Statements
  - တတိယနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Aggregate Supply & Aggregate Demand
  - တတိယနှစ် စီးပွားရေးပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Simple Random Sampling II
  - တတိယနှစ် စီးပွားရေး အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Simple Survey Methodology
  - တတိယနှစ် စီးပွားရေး အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

လေဘေးသင့် မော်ကျွန်း ရွှေပြည်အေးဘုန်းတော်ကြီးသင် ကျောင်းသားများအား အဝတ်အထည်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၂၀

မော်လမြိုင်ကျွန်းမြို့ ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ လေဘေးသင့်ခံရသော ကျောင်းသူကျောင်းသားများအား အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ လှူဒါန်းထားသော အဝတ်အထည်၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ အခမဲ့ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီက ရွှေပြည်အေးဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပသည်။

ယင်းပေးအပ်လှူဒါန်းပွဲတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဇဝနနှင့် ဘဒ္ဒန္တဥက္ကံသတို့က ကြီးကြပ်၍ ဆရာမများက အဝတ်အထည်၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို လေဘေးသင့်ခံရသော ကျောင်းသူ ကျောင်းသား ၁၇၆ဦးတို့အား အခမဲ့ပေးအပ်လှူဒါန်းကြသည်။ (ဝဲပုံ)

အဆိုပါ လေဘေးသင့်ခံရသော ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလည်း ကျောင်းဖွင့်ချိန်အမီ ယာယီပြုပြင်ထားရာအနယ်နယ်အရပ်ရပ်မှ ပါဝင်လှူဒါန်းလိုကြသောအလှူရှင်များအနေဖြင့် ကျောင်းအုပ်ဆရာတော်ရွှေပြည်အေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း မော်လမြိုင်ကျွန်းမြို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၄၂)

(၃၉)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း လက်ရွေ့ပြိုင်ပွဲ အောင်ပွဲရ ချင်းပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့အား မင်းတပ်မြို့၌ဂုဏ်ပြု

မင်းတပ် ဇွန် ၂၀

(၃၉)ကြိမ်မြောက်ပြည်နယ်နှင့်တိုင်း လက်ရွေ့(ဂ)အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့ကြသည့် ချင်းပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနားကို ဇွန်၁၇ရက် မွန်းလွဲ၁၂နာရီခွဲက ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသို့ အားကစားအဖွဲ့ ခေါင်းဆောင်က တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်တိုင်း လက်ရွေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေကို မင်းတပ်ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထန်းလိန်းက ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ယင်းနောက် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့ကြသည့်လက်ရွေ့အားကစားသမား သုံးဦးကို ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ချင်းပြည်နယ်ရဲမှူးကြီးမြင့်ကိုတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မိုးဦးကျကာလတွင်ဖြစ်ပွားလေ့ရှိသော ကျွဲ၊ နွား ခွာနာလျှာနာအတွက် ကြိုတင်ကာကွယ်ရန်သတိပေးနှိုးဆော်ချက်

၁၅-၆-၂၀၀၈ရက်

၁။ **မြန်မာနိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားမှု**

မိုးရာသီကာလတွင် ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် အောက်ဖော်ပြပါအခြေအနေများကြောင့် ကူးစက် ဖြစ်ပွားလေ့ရှိပါသည်-

- လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းစေရန်အတွက် ကျွဲ၊ နွားများ ရောင်းဝယ်ပြောင်းရွှေ့သယ်ယူကူးသန်းသွားလာရာမှ ရောဂါကူးစက်ဖြစ်ပွားခြင်း။
- ခြောက်သွေ့ပူပြင်းမှုနှင့် စိုစွတ်မှုအပြောင်းအလဲအရ ရောဂါဖြစ်ပွားမှု အခွင့်အလမ်းပိုများခြင်း။
- ကျွဲ၊ နွားများရောင်းဝယ်လွှဲပြောင်းရာတွင် ခွာနာလျှာနာရောဂါဖြစ်ပွားခဲ့သော ကျွဲ၊ နွားများမှ ရောဂါပိုးသယ်ဆောင်၍ အခြားရောဂါခုခံမှုအားနည်းသော တိရစ္ဆာန်များသို့ကူးစက်ခြင်း။
- ခွာနာလျှာနာရောဂါဗိုင်းရပ်စ်ပိုး၏ သဘာဝအရ စိုထိုင်းဆများသော မိုးကာလတွင် လေမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ ကူးစက်ခြင်း။
- ကျွဲ၊ နွားလွတ်ကျောင်းစားကျက်များမှတစ်ဆင့် ကျွဲ၊ နွားအချင်းချင်း ထိတွေ့၍ကူးစက်ခြင်း။
- ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခွဲလှောင်ထားခြင်းမပြုလုပ်ဘဲ လွှတ်ကျောင်းသည့်အတွက် အခြားတိရစ္ဆာန်များသို့ ကူးစက်စေနိုင်ခြင်း။
- ရောဂါဖြစ်သော တိရစ္ဆာန်နှင့် ရောဂါမဖြစ်သောတိရစ္ဆာန်များကို ခြံတစ်ခုတည်းတွင် အတူတူထားရှိခြင်း။
- သိုး၊ ဆိတ်၊ ဝက်များမှ တစ်ဆင့်လည်း ကျွဲ၊ နွားသို့ရောဂါကူးစက်နိုင်ခြင်း။
- ရောဂါဖြစ်ပွားမှုကို အလေးမမူဘဲ သက်ဆိုင်ရာဒေသခံ အာဏာပိုင်အဖွဲ့အစည်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများသို့ သတင်းပေးပို့မှုနောက်ကျခြင်း။
- ရောဂါဖြစ် တိရစ္ဆာန်များအား စနစ်တကျကာကွယ်ခြင်းမပြုလုပ်ဘဲ ဆေးမြီးတိုများနှင့်သာကုသခြင်း။

၂။ **ရောဂါကြိုတင်ကာကွယ်တားဆီးရေး**

ကျွဲ၊ နွား ခွာနာလျှာနာရောဂါဖြစ်ပွားပါက တောင်သူလယ်သမားအနေဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ထိခိုက်ဆုံးရှုံးမှုများ ရှိနိုင်၍ အောက်ဖော်ပြပါ ရောဂါကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တိရစ္ဆာန်ကျန်းမာရေးအသိဖြင့် သတိပြုလုပ်ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်-

- မိုးဦးကျကာလတွင် ကျွဲ၊ နွားများရောင်းဝယ်ပါက ခွာနာလျှာနာရောဂါဖြစ်ပွားမှုမရှိသော ဒေသမှ ကျွဲ၊ နွားများကို ရွေးချယ်ဝယ်ယူခြင်း။
- မိမိဒေသပတ်ဝန်းကျင်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်းသိရှိပါက မိမိပိုင်ကျွဲ၊ နွားများအား စားကျက်သို့ လွှတ်ကျောင်းခြင်း မပြုဘဲ ခြံလှောင်၍ အာဟာရဖြစ်စေနိုင်သော အစာများကို ကျွေးမွေးခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား စားကျက်သို့မလွှတ်ဘဲ ခြံလှောင်၍ သီးခြားပြုစုကုသခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်များအား လျှာကိုကျောက်ချဉ်ရည် (၁၀ရာခိုင်နှုန်း)ဖြင့် တစ်နေ့သုံးကြိမ် ပွတ်လိမ်းပေးခြင်း။
- ခွာနာကို ဆေးကတ္တရာအရည်သုတ်လိမ်း၍ ခြောက်သွေ့သောနေရာတွင် ထားရှိခြင်း၊ ဆေးကတ္တရာအရည် မရရှိပါက မှုံမှုန်ဆားရည် (ဝဒသမ ၈၅ရာခိုင်နှုန်း)ဖြင့် ဆေးကြောခြင်း။
- ရောဂါဖြစ်တိရစ္ဆာန်မှ စွန့်ထုတ်သော ကျင်ကြီး၊ ကျင်ငယ်များအား စနစ်တကျစုပုံထိန်းသိမ်းရန်နှင့် ကျွဲ၊ နွားထားသည့်နေရာနှင့် ခြံပတ်ဝန်းကျင်များကို သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်း။
- မိမိဒေသတွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာအကြောင်းကြားခြင်း၊ ရောဂါထိန်းချုပ်ရန်အတွက် ရောက်ရှိလာသော ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ပူးပေါင်းပါဝင်ကူညီခြင်း။
- မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ လိုအပ်ပါက ကြိုတင်ကာကွယ်ဆေးများကိုထိုးနှံပေးခြင်း။

၃။ **ဆောလျင်စွာသတင်းပေးပို့ရေး** (Early Reporting)

ဒေသအာဏာပိုင်အဖွဲ့၊ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ပြည်နယ်၊တိုင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များသို့ ဆောလျင်စွာသတင်းပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး (Rapid Response)ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မြို့နယ်သတင်းများ

ဇွန် ၁၄ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၆၅ရပ်ကွက် မင်းကွန်းကျောင်းပရိယတ္တိစာသင်တိုက်အတွင်း၌ တည်ဆောက်ဆဲဖြစ်သော မဟာဘောဇနသာလာ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် မိခင်ကြီးဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး ဒေါ်သီလု(ရွှေတောင်မော်)အား ရည်စူး၍ ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် ကြောင်မျက်ရှင်လမ်း အမှတ် ၃နေ ကျန်ရစ်သူသားသမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ် သုံးသိန်းကို နာယကဆရာတော် ဘဒ္ဒန္တသုဝဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက် လမ်းမတော်လမ်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်း ဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးတင်မြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကောင်းမြတ်မြတ်မွန်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့ သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

လားရှိုး ဇွန် ၁၅

လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန်၁၂ရက်ကသီပေါလမ်းတစ်လျှောက်ရှိ လမ်းလယ်ပန်းခံများ အတွင်း မြက်ပင်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များအစားထိုး စိုက်ပျိုးခြင်းလုပ်ငန်းများကိုအဖွဲ့ဝန်ထမ်းများစုပေါင်း ဆောင်ရွက်ရာသို့အမှုဆောင်အရာရှိ ဦးမင်းဟန်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တောင်ကြီးကိုယ်ပွားသတင်းစာတိုက် ပညာသင်စရိတ်ထောက်ပံ့

တောင်ကြီး ဇွန် ၁၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းကိုယ်ပွားသတင်းစာတိုက် တောင်ကြီးမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများ ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ်များပေးအပ်ပွဲကို ဇွန် ၈ရက်နံနက်၉နာရီကသတင်းစာတိုက်အစည်းအဝေးခန်းမ၌ ကျင်းပရာ စာတည်း(တာဝန်ခံအရာရှိ) ဦးနိုင်ထွန်းနှင့်ဝန်ထမ်းများ၊ ပညာသင်ထောက်ပံ့ကြေးလက်ခံရယူမည့် ကျောင်းသား ကျောင်းသူ ၁၃ဦးတို့ တက်ရောက်ကြသည်။

ထောက်ပံ့

ရှေးဦးစွာ တာဝန်ခံအရာရှိက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)မှ ပညာသင်စရိတ်နှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်မှုနှင့် မိမိတို့ သတင်းစာတိုက်မှ ထပ်ဆင့်ပံ့ပိုးပေးအပ်မှုများကို ရှင်းလင်းပြောကြားပြီး တစ်ဦးချင်းသို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် တက္ကသိုလ်ကျောင်းသား တစ်ဦးလျှင် ငွေကျပ် ၇၅၀၀၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၆၀၀၀၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၄၅၀၀နှင့် မူလတန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၆၀၀၀၀နှင့် ဗလာစာအုပ် ၂၅ဒါဇင်ကို ပေးအပ်သည်။ **(က-ပ)**

ဒိုက်ဦးမြို့တွင် ခြင်၊ ယင် နှိမ်နင်းရေးအတွက် မြို့ပေါ် စာသင်ကျောင်းများတွင်ခြင်ဆေးဖျန်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်မှုကို ဇွန် ၁၄ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။